# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၃၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ကျန်းမာရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ လွှတ်တော်မှာကြေညာဖို့ (၂)ခုရှိပါတယ်။ တစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ သက်ဆိုင်ရာ ပါတီအလိုက်၊ အဖွဲ့အစည်းအလိုက် အစည်းအဝေး ပြုလုပ်လိုလျှင် လွှတ်တော် ကျင်းပတဲ့ရက်များ (ရုံးပိတ်ရက်မပါ) လွှတ်တော် အစည်းအဝေး ရပ်နားထားချိန်မှာ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်အပေါ်ထပ်မှာ အစည်းအဝေးခန်း စီစဉ်ပေးထားပါတယ်။ အစည်းအဝေးကျင်းပလိုပါက အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ တစ်ရက်ကြိုတင်၍ အကြောင်းကြားရန် ဖြစ်ပါတယ်။ အခြားနိုင်ငံတွေရဲ့ လွှတ်တော်တွေမှာတော့ လွှတ်တော်တွေမှာ ပါတီရုံးခန်းတွေပါ ဖွင့်ခွင့်ပေးတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ ပါတီအလိုက်ရှိတဲ့ဦးရေ နည်းပါးတာတစ်ကြောင်း၊ အခန်းနည်းပါးတာတစ်ကြောင်း ပါတီတိုင်းကိုတော့ ရုံးဖွင့်ဖို့ပေးနိုင်ခြင်း မရှိပါဘူး။ သို့သော် လိုအပ်လို့ ခေတ္တအသုံးပြုချင်တယ်၊ ရုံးအဖြစ် အသုံးပြုချင်တယ်ဆိုရင်လည်း စီစဉ်ပေးမယ်ဖြစ်ကြောင်း ကြေညာပါတယ်။

နောက်တစ်ခုကတော့ ပြီးခဲ့တဲ့ရက်က ဒီမိုကရေစီနည်းအရ (၅)ဦးစီ ဦးစားပေး အစီအစဉ်အလိုက် စာနဲ့ရေးသားပြီးတော့ ဆန္ဒမဲပေးကြဖို့ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ အဲဒီအချိန်မှာ တာဝန်ပေးဖို့လို့ ထည့်ပြောခဲ့သော်လည်း ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ မပါလို့ ထည့်မပြောခဲ့မိပါဘူး။ မပြောခဲ့မိပါဘူး ဆိုတာထက်ကို ထည့်မပြောတာပါ။ ဘာကြောင့်လဲဆိုတော့ ဥက္ကဋ္ဌနဲ့ ဒု-ဥက္ကဋ္ဌတော့ မဝေဖန်နဲ့ အချင်းချင်းပဲ ဝေဖန်ကြဆိုတဲ့သဘော သက်ရောက်သွားမှာ စိုးတဲ့အတွက် ထည့်မပြောတာ ဖြစ်ပါတယ်။ တကယ်တော့ တာဝန်ပေးဖို့ ဖြစ်ပါတယ်။

သို့သော်လည်း ဥက္ကဋ္ဌကို အမှတ်တွေ အများကြီးပေးထားတဲ့အတွက် ဥက္ကဋ္ဌကတော့ ဝင့်ကြွေးနဲ့ မကင်းဘဲနဲ့ ဆက်လုပ်ရမယ့် အနေအထား ရှိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ မပါ အစဉ်အတိုင်း တာဝန်ပေးခြင်းခံရဖို့ လွှတ်တော်က သတ်မှတ်တဲ့ပုဂ္ဂိုလ်များကတော့ အစဉ်အတိုင်း ဖတ်ပြပါမယ်။ ဦးဇော်မြင့်ဖေ၊ ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်ရီ၊ ဦးမျိုးမြင့်၊ ဦးနေဝင်းထွန်း၊ ပါမောက္ခဒေါက်တာမြဦး၊ ဒေါက်တာအေးမောင်၊ ဒေါက်တာခင်ရွှေ၊ ဦးခက်ထိန်နန်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးဆိုင်ပေါင်းနပ်၊ ဒေါ်နန်းနီနီအေး၊ ဦးညွန့်တင်၊ ဦးအောင်ထွန်း၊ ဦးစံထွန်း ဖြစ်ပါတယ်။

ဒီအဖွဲ့ကို လွှတ်တော်အုပ်ချုပ်မှုနှင့် ရေးရာကော်မတီများလုပ်ငန်းအဖွဲ့ ဆိုပြီး ဖွဲ့စည်းပေးမှာ ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ အမျိုးသားလွှတ်တော်ကို သီးခြားဖွဲ့စည်းပုံနဲ့ အစိုးရက အတည်ပြုပြီးတဲ့အခါမှာ ဖွဲ့စည်းတဲ့အခါ လွှတ်တော်ရဲ့ အုပ်ချုပ်ရေးရာကိစ္စအဝဝ တာဝန်ယူဆောင်ရွက်ဖို့ လွှတ်တော်လုပ်ငန်းတွေဖြစ်တဲ့ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းလာတဲ့အခါမှာ ဒီအဖွဲ့က စိစစ်ပြီးတော့မှ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌထံ တင်ပြဖို့အပြင် ရေးရာကော်မတီများရဲ့ လုပ်ငန်းများ ပိုမိုပီပြင်စေရေးအတွက် ကော်မတီအားလုံးကို ကြီးကြပ်ဖို့အဖွဲ့ ဖွဲ့စည်းပေးမှာ ဖြစ်ပါတယ်။

ဒီကော်မတီများ ဖွဲ့စည်းတဲ့အခါမှာလည်း ဒီအဖွဲ့ဝင်တွေက အချို့သော ကော်မတီတွေမှာ ဒီအဖွဲ့ဝင်(၁၅)ဦးလုံးက ဥက္ကဋ္ဌ တာဝန်ယူရမှာ ဖြစ်ပါတယ်။ ဒါမှ စုပေါင်းခေါင်းဆောင်မှု ဖြစ်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်မှာ လွှတ်တော်စတင်တဲ့ အချိန်ကစပြီးတော့ ရေးရာကော်မတီတွေ ဖွဲ့စည်းတဲ့အခါမှာ ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်အရ ဥက္ကဋ္ဌကပဲ ဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။

ဒီနေ့ လွှတ်တော်သက်တမ်းတစ်ဝက် ရှိလာတဲ့အခါမှာ ပြင်ဆင်ဖွဲ့စည်းမယ့် ကော်မတီတွေရဲ့ အမည်စာရင်းတွေကို ဖတ်ပြပါမယ်။ ဒီကော်မတီတွေကို ဆက်လက်ဖွဲ့သင့်၊ မဖွဲ့သင့် အခြား ဆက်လက်လိုအပ်ခြင်း ရှိ/မရှိ၊ အခြား ထပ်မံဖွဲ့စည်းသင့်တဲ့ ကော်မတီ စသည်ဖြင့် အကြံပြုပေးစေလိုပါတယ်။ အကြံပြုချက်တွေကို (တနင်္လာနေ့)မှာ စာနဲ့ ရေးသားပြီးတော့ (၅)ဦးရွေးချယ်တုန်းကလိုပဲ မည်သူမည်ဝါ ဖော်ပြစရာ မလိုဘဲနဲ့ အကြံပြုချက် ရေးပေးကြပါ။ ဒီတော့ ဒီကော်မတီတွေ ဖတ်ကြားပြပါမယ်။ (၁) ကတော့ လွှတ်တော်အုပ်ချုပ်မှုနှင့် ရေးရာကော်မတီများလုပ်ငန်းအဖွဲ့ ဒါ ခုနက တင်ပြတဲ့ (၁၅)ယောက် ဖြစ်ပါတယ်။ (၂) တိုင်းရင်းသားရေးရာကော်မတီ၊ (၃) နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ (၄) အမျိုးသားစီမံကိန်းနဲ့ နိုင်ငံတော်အထူးစီမံကိန်းကြီးများဆိုင်ရာကော်မတီ၊ (၅) ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ (၆) အပြည်ပြည်ဆိုင်ရာ လွှတ်တော်လုပ်ငန်းများ လေ့လာရေးနဲ့ လွှတ်တော်ချင်းချစ်ကြည်ရေးကော်မတီ၊ (၇) ပြည်တွင်းပြည်ပ အလုပ်သမားများရေးရာကော်မတီ၊ (၈) သတ္တုနှင့် သယံဇာတရေးရာကော်မတီ၊ (၉) ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၊ (၁၀) အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာကော်မတီ၊ (၁၁) နိုင်ငံတကာ ဆက်ဆံရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီ၊ (၁၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီ၊ (၁၃) သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနဲ့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ၊ (၁၄) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေလျှော့ရေးကော်မတီ၊ (၁၅) ပြည်သူတို့၏ တိုင်ကြားစာ ဆိုင်ရာကော်မတီ၊ (၁၆) အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ (၁၇) တောင်သူလယ်သမားရေးရာကော်မတီ၊ (၁၈) သုတေသနနှင့် စာတမ်းဖတ်ပွဲ အလုပ်ရုံဆွေးနွေးပွဲ ကော်မတီ၊ နောက် ဥပဒေရေးရာနဲ့ ဘဏ္ဍာရေးနဲ့ ဥပဒေရေးရာကော်မရှင်ကတော့ ဆက်ပြီးရှိမှာ ဖြစ်ပါတယ်။

ဒီကော်မတီ အမည်စာရင်းတွေ လျာထားတာကို လွှတ်တော်ရုံးမှာ လာကြည့်လို့လည်း ရပါတယ်။ ဒီထဲမှာ ဆက်လက်မရှိသင့်တဲ့ ကော်မတီဆိုရင်လည်း ဒါတော့ မလိုအပ်တော့ဘူးလို့ အကြံပေးလို့ ရပါတယ်။ ထပ်မံလိုအပ်တဲ့ ကော်မတီမျိုး ဖွဲ့စေချင်တာဆိုရင်လည်း အကြံပေးလို့ ရပါတယ်။ အားလုံး တိုင်တိုင်ပင်ပင် လုပ်ချင်တဲ့အတွက် အကြံဉာဏ်တောင်းတာ ဖြစ်ပါတယ်။ အကြံဉာဏ်များအပေါ်မှာ ဥက္ကဋ္ဌက ဆုံးဖြတ်ပြီး ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပုံမှန်လေကြောင်းလိုင်းများအတွင်း အထွေထွေလေကြောင်း ဝန်ဆောင်မှုလုပ်ငန်းများ (General Aviation - GA) ကို ခွင့်ပြုသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင် က ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပုံမှန်လေကြောင်းလိုင်းများအတွင်း အထွေထွေလေကြောင်း ဝန်ဆောင်မှုလုပ်ငန်းများ (General Aviation - GA) ကို ခွင့်ပြုသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒု-ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မေးသွားမယ့် မေးခွန်းကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ပုံမှန်လေကြောင်းလိုင်းများအပြင် အထွေထွေလေကြောင်းဝန်ဆောင်မှုလုပ်ငန်း (General Aviation -GA) ကို ခွင့်ပြုသွားရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ မြို့ပြလေကြောင်းဝန်ဆောင်မှု Civil Aviation နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုလုပ်ငန်းမှာ Scheduled Transport ပုံမှန်လေကြောင်း၊ Next Slide ပေါ့၊ ပုံမှန်လေကြောင်းလိုင်းဝန်ဆောင်မှုပေါ့၊ Scheduled AirTransport, ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို တချို့ အင်္ဂလိပ်စာ အသုံးအနှုန်းများကို ခွင့်ပြုဖို့ Including all Passenger and Cargo Flights Operating on Regularly Scheduled Routes, အဲဒါကတော့ ပုံမှန် လေကြောင်းဝန်ဆောင်မှု ဖြစ်ပါတယ်။ အဲဒါတော့ ကျွန်တော်တို့ အများသိကြတဲ့အတိုင်းပဲ မြန်မာ့

လေကြောင်း MAI, Air Pagan, Yangon Airway စတဲ့ Air Mandalay စသည်ဖြင့် ပုံမှန် Scheduled, တစ်နေရာကတစ်နေရာ သွားနေတဲ့ ပုံမှန်သွားလာနေတဲ့ လေကြောင်းဝန်ဆောင်မှု ဖြစ်ပါတယ်။ အဲဒါကတော့ လောလောဆယ် ရှိပြီးသားဖြစ်ပါတယ်။ တော်တော်လည်း ကျွန်တော်တို့ ဆီမှာ လေကြောင်းလိုင်းတွေလည်း များပါတယ်။ ကျွန်တော် တစ်ခါတင်ပြသလို လေကြောင်းလိုင်း များသော်လည်း နိုင်ငံတကာနဲ့ ယှဉ်ရင်တော့ ကျွန်တော်တို့က သေးနေသေးတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လေကြောင်းလိုင်းတွေကို အားပေးပါ။ ကျွန်တော်တို့ အထူးသဖြင့် MAI တို့ MA တို့ ကျွန်တော်တို့ Flag Carriers တွေ၊ အခုဆို Flag Carriers ဆိုတဲ့ သဘောက နိုင်ငံတော် အကြီးအကဲတွေဟာ နိုင်ငံတကာသွားတဲ့အခါမှာ ကိုယ့်လေယာဉ်နဲ့ ကိုယ့်ရဲ့ အလံကို ထောင်ပြီးတော့ သွားတဲ့အခါမှာ အင်မတန်မှ ဂုဏ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က အဲဒါတွေကို အားပေးပါဆိုတဲ့ အဆိုကို တင်ဖူးပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနကလည်း ဆက်လက် ဆောင်ရွက်ပါမယ်ဆိုပြီးတော့ ကတိကဝတ်ပေးထားပါတယ်။ အခုလည်း ကျွန်တော်က AirTransport ကတော့ ဒီ ပုံမှန်လေကြောင်းလိုင်းဝန်ဆောင်မှုတွေကတော့ ရှိနေကြပြီ။

သို့သော်လည်း ကျွန်တော်တို့ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ နိုင်ငံတကာမှာ ဘာရှိလဲဆိုတော့ အထွေထွေလေကြောင်း ဝန်ဆောင်မှုလို့ခေါ်တဲ့ General Aviation အဲဒါကတော့ Including all other Civil Flight, Private or Commercial, အဲဒါကတော့ ဘာလဲဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အများပြည်သူသိတဲ့ စကားနဲ့ ပြောရရင်တော့ ကျွန်တော်တို့ ဘတ်စ်ကားလိုင်းကြီး တွေရှိပါတယ်။ ရန်ကုန်မြို့မှာ။ သို့သော်လည်း ကျွန်တော်တို့ရန်ကုန်မြို့မှာ Taxi တွေလည်း လိုပါတယ်။ ဒါမှလည်း တစ်နေရာမှ တစ်နေရာကို အလျင်အမြန် သွားလို့ရတယ်။ နောက်တစ်ခါ Ambulance တွေ လိုတယ်။ စသည်ဖြင့်ပေါ့။ အဲဒါကို General လို့ခေါ်ပါတယ်။ General Aviation ပေါ့။ ကျွန်တော် ဥပမာအားဖြင့် Medical Aviation ကျွန်တော်တို့ အရေးပေါ် လူနာတွေသယ်ရမယ်ဆိုရင် အဲဒါ General Aviation မှာ ပါသွားပြီ၊ နိုင်ငံတကာမှာတော့ ရှိပါတယ်။ ကျွန်တော်တို့ဆီမှာတော့ အခုထက်ထိ မရှိသေးတော့ အရေးပေါ် ဆိုရင် နည်းနည်းခက်ပါတယ်။ ကျွန်တော်တို့ လေကြောင်းလိုင်း တွေက လေယာဉ်ကို ငှားပြီးတော့ ပြန်မယ်ဆိုရင်လည်း စျေးအလွန်ကြီးပါတယ်။ ဘာကြောင့်လဲဆိုရင် သူ့ရဲ့ ပုံမှန်လေကြောင်းလိုင်းကို ဖြတ်ပြီးတော့ အဲဒီ အရေးပေါ် လူနာ၊ အရေးကြီးတဲ့ လူနာကို သယ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ငွေကြေးကုန်ကျမှုများမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အထွေထွေလေကြောင်း ဝန်ဆောင်မှု General Aviation ကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စပြီးတော့ လုပ်ဆောင်သင့်ပြီလို့ ကျွန်တော့် အနေနဲ့ တင်ပြလိုတာဖြစ်ပါတယ်။ ဥပမာပြောရရင် ဟိုတလောက ဒါ အားလုံးသိပါတယ်။ ဦးတေဇ တို့လေယာဉ် နှင်းတောထဲမှာ ပျက်ကျတယ်။ Helicopter ပျက်ကျတယ်။ အဲဒါမျိုးဆိုရင် ကျွန်တော်တို့ ဆီမှာ မရှိဘူး၊ သွားကယ်ဖို့။ ဒါ ကံကောင်းလို့ အိမ်နီးနားချင်းနိုင်ငံက ကုမ္ပဏီတစ်ခုကနေပြီးတော့ လေယာဉ်ရလို့ အဲဒီကနေပြီးတော့ ကျွန်တော်တို့ ဒီအဖွဲ့ပေါ့၊ အဲဒီအဖွဲ့ကို သွားပြီးတော့ ကယ်တင်နိုင် ခဲ့တယ်။ ကျွန်တော့်တပည့် အဲဒီမှာ Pilot လေးလည်း ပါသွားတယ်။ တစ်ယောက်ဆိုရင် ခြေထောက် ပုပ်သွားတာပေါ့။ အေးလွန်းအားကြီးလို့ မခံနိုင်ဘဲနဲ့ ခြေထောက်ကို အောက်ပိုင်းကို နည်းနည်းထိခိုက် သွားတဲ့သဘော ရှိတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဆီမှာ General Aviation သာရှိခဲ့ရင် အဲလို ကုမ္ပဏီတွေသာ ရှိခဲ့ရင် Helicopter နဲ့ ကောက်လိုက်သွားပြီးတော့ ချက်ချင်းပြန်ပြီးတော့ ခေါ်လာလို့ရှိရင် ဒီထက် ကျွန်တော်တို့ အနာတရဖြစ်မှု နည်းပါးမှာ ဖြစ်ပါတယ်။ ဒါ အင်မတန် ကံကောင်းလို့ နောက်ထပ် တစ်ရက်လောက်ကြာရင်တော့ အကုန်ဒုက္ခရောက်မယ်။ ဘာလို့လဲဆိုတော့ အအေးဒဏ်ကို သူတို့မှာ ကာကွယ်ဖို့ Ready မဖြစ်ဘူးပေါ့။ သူတို့ကလည်း နှင်းတောထဲသာ သွားတယ်၊ နှင်းတောင်သာ သွားတယ် အနွေးထည် လုံလုံလောက်လောက် ယူမသွားဘူး။ အဲဒါကြောင့်မို့လို့ နောက်ထပ် တစ်ရက် လောက်ဆိုရင်တော့ အသက်အန္တရာယ်ပါ ဒုက္ခရောက်နိုင်တဲ့သဘော ရှိပါတယ်။ အဲလိုအချိန်မျိုးမှာ ဆိုရင် General Aviation လို့ခေါ်တဲ့ Helicopter တွေ၊ လေယာဉ်အငယ်လေးတွေရှိတဲ့ ကုမ္ပဏီ တွေသာ ရှိခဲ့လို့ရှိရင် ကျွန်တော်တို့ သွားပြီးကယ်တင်နိုင်မှာ ဖြစ်ပါတယ်။

Next Slide ပေါ့။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ကြည့်မယ်ဆိုရင် အဲဒီလို ကုမ္ပဏီတွေဟာ နိုင်ငံတိုင်းမှာလိုလို ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကုမ္ပဏီ(၃)ခု၊ တရုတ်မှာ(၁၉)၊ အိန္ဒိယမှာ(၇၈)၊ အင်ဒိုနီးရှားမှာ(၃၀)၊ ကမ္ဘောဒီးယားနဲ့ လာအိုတောင် ကုမ္ပဏီ(၃)လောက်စီရှိပါတယ်။ မလေးရှား(၁၈)၊ ကျွန်တော်တို့ မြန်မာမှာ မရှိပါဘူး။ နီပေါ(၁၅)၊ စင်ကာပူ(၃)၊ ဖိလစ်ပိုင်(၂၀)၊ ထိုင်း(၁၆)၊ ဗီယက်နမ်(၃) ဒါ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာရှိတဲ့ အရေအတွက်ကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မကြာခင်မှာလည်း SEA Game ကလာတော့မယ်။ SEA Game လာလို့ရှိရင် နိုင်ငံတကာမှာ တွေ့ဖူးသလို ဥပမာအားဖြင့် ပြိုင်ပွဲတွေမှာ အပေါ်ကနေ လိုက်ပြီးတော့ ကျွန်တော်တို့ TV ရိုက်ရတာတွေ ရှိပါတယ်။ အဲလိုအချိန်မှာလည်း Helicopter တွေ၊ Light Aircraft လေးတွေ ကျွန်တော်တို့ လိုပါတယ်။

နောက်တစ်ချက်ကတော့ ၂၀၁၅ မှာ ကျွန်တော်တို့ AFTA ဖြစ်လာမယ်။ AFTA ဖြစ်လာရင် Open Sky Policy အရ ကျွန်တော်ဆီက ဒီကုမ္ပဏီတွေကို ခုစမထူထောင်ရင် နိုင်ငံခြားက ကုမ္ပဏီတွေ ဝင်လာမယ်။ အဲဒီကျတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေရဲ့ စီးပွားရေးလုပ်ငန်း ကြီးတစ်ခု နစ်နာသွားပါမယ်။ ဒီလုပ်ငန်းက လုပ်ရတာတော့မလွယ်ဘူး။ အစပိုင်းမှာတော့ သူက ကြိမ်းသေပေါက်ရှုံးမယ်။ နောက်မှ တဖြည်းဖြည်း မြတ်မယ့်ကိစ္စဆိုတော့ ကျွန်တော်တို့ နိုင်ငံသားတွေ ထဲက လုပ်ချင်တဲ့ လုပ်နိုင်တဲ့လူကတော့ နည်းတော့နည်းမယ်။ ဒါပေမဲ့ ကျွန်တော်စုံစမ်းသိသလောက် ရှိပါတယ်။ လုပ်ချင်တဲ့သူ ရှိပါတယ်။ အဲဒီတော့ ဒီ AFTA မှာ Open Sky Policy ဖြစ်လာရင် နိုင်ငံခြားက General Aviation ကုမ္ပဏီလေးတွေကို ဝင်လာလို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံသား တွေဟာ အလုပ်အကိုင် အခွင့်အလမ်း ကျွန်တော်တို့ရဲ့ ဦးဆောင်မှု၊ ဦးစီးမှုမရဘဲနဲ့ နိုင်ငံခြားက ကုမ္ပဏီတွေကနေပြီးတော့ လက်ဝါးကြီး အုပ်သွားနိုင်ပါတယ်။ လောလောဆယ်မှာတော့ ကျွန်တော် သိသလောက်ဆိုရင် Heli Union တို့လို ကျွန်တော်တို့ ရေနံတူးတဲ့ ရေနံစင်ကိုသွားတဲ့ အဲဒီကုမ္ပဏီ လေးတွေတော့ ခွင့်ပြုထားတာကို တွေ့ရပါတယ်။

သို့သော်လည်း General Aviation အနေနဲ့ ခွင့်ပြုထားတာ မတွေ့ရသေးတဲ့အတွက် ကြောင့် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ သို့ပါ၍ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပုံမှန်လေကြောင်းလမ်းများအပြင်၊ အထွေထွေလေကြောင်းဝန်ဆောင်မှုများ ခွင့်ပြုသွားရန်

အစီအစဉ် ရှိ/မရှိ။ မရှိပါက ဘာကြောင့်နည်း။ အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဖြစ်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၂။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် မှ အမျိုးသားလွှတ်တော်သို့ တင်ပြထားတဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေနဲ့ General Aviation နှင့် ပတ်သက်ပြီးတော့ Myanmar Civil Aviation Requrement Part - 12 ဖြင့် လိုအပ်ချက်တွေကို ၂၀၁၂ ခုနှစ်၊ မေလ ၁၇ ရက်နေ့မှာ ထုတ်ပြန်ထားရှိထားပြီး ဖြစ်ပါတယ်။ General Aviation ကိုပြုလုပ်တဲ့အခါမှာ Commercial Purpose မပါဝင်လို့ရှိရင်တော့ Private Category နဲ့ လုပ်ကိုင်ဆောင်ရွက်သွားနိုင်မှာဖြစ်ပြီး Air Operator Certificate ပြုလုပ်ရန် မလိုအပ်ပါဘူး။ အခကြေးငွေယူပြီးတော့ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း ( Commercial Air Transport Operation) လုပ်ဆောင်မယ်ဆိုလို့ရှိရင်တော့ General Aviation With Air Operator Certificate နဲ့ ခွင့်ပြုပေးသွားနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ အခြေစိုက်ပြီးတော့ ရေနံရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပြည်ပ Air Operator Certificate ကိုင်ဆောင်ထားတဲ့ Heli Union, Hevilift, Korea Express စတဲ့ ကုမ္ပဏီတွေကို ၎င်းတို့ရဲ့ Air Operator Certificate အပေါ် စိစစ် စစ်ဆေးမှုများ ပြုလုပ်ပြီးတော့ Validation of Foreign Air Operator Certificaate (Within Myanmar Territory) ဖြင့် ထုတ်ပြန်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံက Air Myanmar Aviation Services ကုမ္ပဏီကနေပြီးတော့ အထွေထွေလေကြောင်းဝန်ဆောင်မှု လုပ်ငန်းအား လုပ်ကိုင်ရန် တင်ပြလျှောက်ထားလာမှု ရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဒီလုပ်ငန်းက ကျွန်တော်တို့ အခကြေးငွေယူပြီး ဝန်ဆောင်မှုပေးတဲ့ General Aviation (Commercial Operation) လုပ်ငန်း ဖြစ်နေတဲ့အတွက်ကြောင့် Air Operator Certificate (General Aviation) အဖြစ် စိစစ် ခွင့်ပြုပေးနိုင်ရေးအတွက်ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေနဲ့ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ယခုအခါ ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလိုပဲ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ ကျွန်တော်တို့ ဒီလုပ်ငန်းက လိုအပ်မှာ ဖြစ်ကြောင်း ခုန Slide များအရလည်း တွေ့ရှိသားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ General Aviation လုပ်ငန်း Commercial Operation လုပ်ကိုင်ဆောင်ရွက်လိုတဲ့ အဖွဲ့အစည်းများအနေနဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားလာလို့ ရှိလျှင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် အထွေထွေလေကြောင်းဝန်ဆောင်မှု General Aviation လုပ်ငန်းကို Air Operator Certificate (General Aviation) အဖြစ် ထုတ်ပြန်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၆-၂-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၂၇-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာ ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသား လွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဆိုင်ပေါင်းနပ် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ အခု ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြည်ထောင်စုတရား စီရင်ရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဂါရဝတရားနဲ့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏
ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၃-၆၃
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ၆-၃-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူ၍ ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေး ဆောင်ရွက်နိုင်ရန်အတွက် ၇-၃-၂၀၁၃ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၁-၆-၂၀၁၃ ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အပိုဒ်(၄)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုခဲ့သည့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ်(၂)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် ဖြည့်စွက်ရမည့် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာ မပြုရသေးသော တရားသူကြီးများအား ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုရေး အတွက် စီစဉ်ဆောင်ရွက်ရမည်ဟူသော ဖော်ပြချက်အစား ပိုမိုပြည့်စုံမှုရှိစေရန် အတွက် တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများအား တရားသူကြီး အဖြစ် စတင်ခန့်အပ် တာဝန်ပေးသည့်အချိန်တွင် ကျမ်းကျိန်လွှာ သို့မဟုတ် ကတိ သစ္စာပြုရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာ မပြုရ သေးသော တရားသူကြီးများအတွက်လည်း ကျမ်းကျိန်လွှာ သို့မဟုတ် ကတိ သစ္စာပြုရေး စီစဉ်ဆောင်ရွက်ရမည် ဟု ပြင်ဆင်သင့်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် (၃)၊ပုဒ်မ ၆၇တွင် ဖော်ပြထားသည့် ရဲတပ်ဖွဲ့အချုပ်စခန်းများအား အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည် ဟူသော ဖော်ပြချက်အစား ပိုမိုပြည့်စုံမှုရှိစေရန် အတွက် ပြည်ထောင်စု တစ်ဝန်းလုံးရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ် စခန်းများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်ဟု ပြင်ဆင် သင့်ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် (၄)၊ ပုဒ်မ ၆၈ တွင် ဖော်ပြထားသည့် ရဲတပ်ဖွဲ့အချုပ်စခန်းများအား အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှု ရမည်ဟူသည့် ဖော်ပြချက်အစား ပိုမိုပြည်စုံမှု ရှိစေရန်အတွက် မိမိတို့ စီရင်ပိုင်ခွင့်ရှိရာ ဒေသအတွင်းရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင်တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်ဟု ပြင်ဆင်သင့်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ပါ၍ ပြည်သူ့လွှတ်တော်က ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ဖြည့်စွက်ချက်များအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၀-၇-၂၀၁၃ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေသောင်း တင်သွင်းထားသည့် တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှု အပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင် သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး၊ နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး လေးစားပါကြောင်း ပဏာမ တင်ပြဂါရဝ ပြုပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့နယ်မှာရှိတဲ့ အင်းတော်ကြီး ပတ်ဝန်းကျင် ဒေသမှာ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှု အခြေအနေများ စစ်ဆေးပေးပါရန် ဦးဖေသောင်း ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင်အမြင်၊ သတ္တု အမြင် အမြင်(၂)ခု နဲ့ ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ပထမအချက်ကတော့ သဘာဝပတ်ဝန်းကျင်အကြောင်းမှာ ကျွန်တော်တို့ ဒီဒေသဟာ အရှေ့တောင်အာရှမှာ အကြီးမားဆုံးသော ကုန်းတွင်းရေအိုင်ကြီးတစ်ခု ဖြစ်ပါတယ်။ အလားတူပဲ ဒီလို သဘာဝပတ်ဝန်းကျင် အခြားနည်းနဲ့ ထိခိုက်ပျက်စီးနေတဲ့ အင်းလေးကန်ဒေသ ပြန်လည် ဆယ်တင်ရေး လုပ်ငန်းတွေကိုလည်းပဲ နိုင်ငံတော်အစိုးရက ဦးစီးပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဟိုပင်ဒေသမှာရှိတဲ့ အင်းတော်ကြီးကန်ကိုလည်းပဲ အလားတူပဲ ဘယ်လို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးရမယ်ဆိုတဲ့ နည်းလမ်းတွေ ရှာကြံပြီးတော့ ဆောင်ရွက်သင့် တာတော့ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တစ်ဖက်မှာ သတ္တုတူးဖော်တဲ့အလုပ်၊ လုပ်ငန်းရဲ့ သဘောသဘာဝက ဒေသခံပြည်သူတွေ ကိုယ်၌က ဒီနေရာမှာ ရွှေ သို့မဟုတ် အခြားသော အဖိုးတန် သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ရှိတယ်ဆိုရင် သစ်ပင်တွေကို ခုတ်လှဲပစ်ရမှာလား။ သဘာဝပတ်ဝန်းကျင် ထိခိုက်စေတဲ့ ကိစ္စတွေကို လုပ်ရမှာလား။ မလုပ်ဘဲ မနေပါဘူး။ ဒါ လူ့ သဘာဝ ဖြစ်ပါတယ်။ ဒါကြောင့် အဖိုးတန်ရတနာတစ်ခု ရှိတယ်ဆိုလို့ရှိရင် ဘယ်သူက တားတား၊ ဘယ်သူက တရားဟောဟော၊ ကမ္ဘာမြေကြီးပူနွေးလာမှု အကြောင်းတွေ ကျွန်တော်တို့ ပညာပေး ကြတာလည်းရှိပါတယ်။ ဆွေးနွေးကြတာလည်းရှိပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေမှာလည်း ပြုလုပ် ပြီးတော့မှ ပြည်သူများသိအောင် လုပ်နေကြတာတွေ ရှိပါတယ်။ ကမ္ဘာ့အိုဇုန်းလွှာ ပေါက်ကွဲသွားလို့၊ မြေအောက်ရေတွေ ခန်းခြောက်သွားလို့၊ လူတွေရဲ့ အခြားသော ထိခိုက်မှုတွေကို Social Impact ဒီကိစ္စတွေဟာ အစဉ်မပြတ်ဖြစ်ပေါ်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဆွေးနွေးနေကြပါတယ်။ ဖတ်နေကြပါတယ်။ ပြောနေကြပါတယ်။ ဒါပေမဲ့ ဒီအဖိုးတန် ရတနာရှိတယ်ဆိုရင် သူက မတူးဘဲ မနေဘူး။

နောက်တစ်ခါ ဒီလိုတူးနေတဲ့ နေရာမှာ ရွှေလောကပဲ ဖြစ်ဖြစ်၊ စဥ့်ကူး၊ သပိတ်ကျင်း ဆိုတာ ရွှေအကြီးအကျယ်တူးဖော်တဲ့ ဒေသဖြစ်ပါတယ်။ ဒီ ရမည်းသင်းက နောက်ဆုံးမှ ထွက်ပေါ် လာတဲ့ ကွက်ရပ်တွေ ဖြစ်ပါတယ်။ မိုးကုတ်ဒေသ၊ ကျောက်မျက်ဒေသ၊ ကျောက်မျက်တူးဖော်တဲ့ နေရာတွေမှာ လူတွေရဲ့ ဈေးဆိုင်တွေ တည်ဆောက်ပြီးတော့ ဈေးရောင်းကြ မယ်။ ဒီ လုပ်ငန်းသုံး ပစ္စည်းတွေ၊ ဥပမာ - ကော်ကျူးပိုက်တွေ၊ PPC ပိုက်တွေ ရောင်းကြမယ် စသည်ဖြင့်ပေါ့ ဆေးဝါးတွေ၊ ဖျားတဲ့ နာတဲ့ သူတွေအတွက် ငှက်ဖျားကစပြီးတော့၊ အဖျားအနာ ဖျက်ဆေးတွေ၊ ထိုးဆေးတွေ၊ စားဆေးတွေ ဒါတွေရောင်းကြမယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေ ပတ်ဝန်းကျင်မှာ လူတွေ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြေရှင်းနေကြတယ်ဆိုတာကလည်း အမှန် ဖြစ်ပါတယ်။ နောက် ဒီလိုရွှေတော၊ ကျောက်တောဆိုတဲ့နေရာတွေမှာ ရွှေ့ပြောင်းလုပ်သားတွေ အများ အပြား သွားရောက်လုပ်ကိုင်စားသောက်ပြီးတော့ ဒီ စားဝတ်နေရေးကို မှီခိုနေကြတဲ့ သဘာဝလည်း ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ သတ္တုနဲ့ သယံဇာတရေးရာကော်မတီက တင်သွင်းတဲ့ အစီရင် ခံစာကို ကျွန်တော်တို့ ကိုယ်စားလှယ်(၉)ဦး ပါဝင်ဆွေးနွေးခဲ့စဥ်တုန်းက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို တားဆီးကာကွယ်တဲ့ အစီအမံများကိုလည်း မဖြစ်မနေ လုပ်ကိုလုပ်ရမယ်။ လူထုဗဟိုပြု လုပ်ငန်းတွေ အဖြစ်နဲ့လည်း လုပ်သင့်တယ်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်အောင် စီမံခန့်ခွဲပြီးတဲ့အခါမှာ သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ ဒါကတော့

တူးကို တူးသင့်တယ်လို့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လည်း ကျွန်တော်တို့ လုပ်သင့်တယ် ဆိုပြီးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်(၉)ဦးက ဆွေးနွေးတင်ပြခဲ့တာလည်း ရှိပါတယ်။ အဲဒီတော့ အခုလည်း ကျွန်တော် ကြယ်ပွင့်မပြ မေးခွန်းတစ်ရပ်အဖြစ်နဲ့ သဘာဝပတ်ဝန်းကျင် သစ်တောရေးရာ ဝန်ကြီးဌာနကို ကျွန်တော် မေးခွန်းတစ်ခု မေးပါတယ်။ ဘယ်လိုများ ဒီ ရာသီဥတုပြောင်းလဲမှုတွေကို ကာကွယ်ဖို့ ဘယ်လိုများ စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပါသလဲလို့ဆိုပြီး ကြယ်ပွင့်မပြမေးခွန်းတစ်ခု ကျွန်တော်မေးပါတယ်။ ဒီ မနက်ပဲ အဖြေရရှိတဲ့အတွက် ဒီ အထဲက ထုတ်နုတ်ပြီးတော့ တစ်စုံတစ်ခု တင်ပြလိုပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာန အနေနဲ့ သစ်တော သယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေး ရည်မှန်းချက်များကို ချပြီးတော့ ၂၀၀၁-၂၀၀၂ ကနေ ၂၀၃၀-၂၀၃၁ အထိ နှစ်(၃၀)စီမံကိန်းနဲ့ သစ်တောကဏ္ဍ ပင်မနှစ် (၃၀)စီမံကိန်း ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု(၁၀)နှစ် စီမံကိန်းများဆိုပြီးတော့ ရေးဆွဲပြီးတော့ ဆောင်ရွက်နေတဲ့ အကြောင်း ပြန်ကြားလာတာ ရှိပါတယ်။ သစ်တောပြုန်းတီးမှုတွေ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေ နောက်ဆက်တွဲ ဆိုးကျိုးအဖြစ်နဲ့ ပေါ်ထွက်လာတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်မှုတွေကို ကာကွယ်ဖို့အတွက် နိုင်ငံပိုင်စိုက်ခင်းတွေ ထူထောင်တယ်။ ပုဂ္ဂလိကပိုင် စိုက်ခင်းများကိုလည်းပဲ ၂၀၀၅-၂၀၀၆ ကစပြီးတော့ အားပေးဆောင်ရွက်ခွင့် ပြုခဲ့ပါတယ်။ နောက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခွင့်ပြုပြီးတော့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါ တယ်လို့ ဒါ ဖြေကြားထားတာ ကျွန်တော်ရရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီဟာတွေကို အမှန်တကယ်အကောင်အထည်ပေါ်အောင်အားထည့်လုပ်ဆောင်ပေးရင်းနဲ့ သတ္တုတူးဖော်ခြင်း လုပ်ငန်းများကို ခွင့်ပြု ပေးသွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဦးဖေသောင်း ရဲ့ အဆို ဟာ ဒီ အင်းလေးကန်ဒေသလိုပါပဲ။ ဒီသဘာဝ သယံဇာတများ ပျက်စီးခြင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သစ်တောရေးရာ ဝန်ကြီးဌာနက ကာကွယ် ပေးထားသလိုပဲ ဒီကန်ကြီးရဲ့ အခြားသော နောက်ဆက်တွဲ အကျိုးပြုတဲ့ ဖြစ်ရပ်တွေကတော့ ခရီး သည်များ၊ ငှက်ကြည့်တဲ့ သူတွေ၊ နောက်တစ်ခါ ဆိုက်ဘေးရီးယားလွင်ပြင်မှာ ရာသီဥတု အအေး လွန်ကဲတဲ့ အချိန်ကျလို့ရှိရင် ဆောင်းခိုငှက်တွေ လာရောက်ပြီးတော့ နားနေတဲ့ နေရာလည်း ဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ခါ သူ့ရဲ့ ကိုးကွယ်ရာဘာသာနဲ့ ဘုရား၊ စေတီ၊ ကျောင်း၊ ကန်စသည်ဖြင့် ဒီ လှပတဲ့ အလှအပတွေဟာ ခရီးသည်တွေကို ဆွဲဆောင်တဲ့ နေရာမျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကန်ကြီးကို ထိန်းသိမ်းရေးဟာ အလွန့်အလွန် အရေးကြီးတယ်ဆိုတာကို ကျွန်တော် ထောက်ခံ ပါတယ်။

သို့သော်ငြားလည်းပဲ ခုန သစ်တောစီမံအုပ်ချုပ်မှုလိုပဲ သတ္တုစီမံအုပ်ချုပ်မှု၊ ဒီသတ္တု တွင်းများ တူးဖော်တဲ့အခါမှာ ရေဆိုးတွေ စွန့်ပစ်တဲ့အခါ ရေကြည်အဖြစ်နဲ့ စွန့်ထုတ်ဖို့အတွက် နည်း ဥပဒေတွေမှာ ညွှန်ကြားထားတာ ရှိပါတယ်။ ဒါတွေကို မလိုက်နာတဲ့သူတွေက ဘယ်သူတွေလည်း ဆိုတော့ ကျွန်တော်တို့ တွင်းတူးလုပ်ကိုင်သူတွေ ဖြစ်ပါတယ်။ စီမံခန့်ခွဲသူတွေရဲ့ ကြီးကြပ်မှု အားနည်း တာမျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုသာ တိတိကျကျနဲ့ စီမံအုပ်ချုပ်ပေးနိုင်မယ် ဆိုလို့ရှိရင် ဒီအင်းတော်ကြီးဒေသရဲ့ သဘာဝအလှအပတွေလည်း ပျက်စီးဖို့ မရှိဘူးလို့ ကျွန်တော် ထင်ပါတယ်။

ဒါကြောင့်မို့ ယခု တင်သွင်းတဲ့ အဆိုအရ စစ်ဆေးပေးပါဆိုတာကတော့ တစ်နိုင်ငံလုံးမှာ အင်းတော်ကြီးဒေသ တစ်ခုတည်း မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးမှာ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ လုပ်နေတာဖြစ်တဲ့အတွက် ဆိုင်ရာ ဆိုင်ရာ ဌာနများက သစ်တောစိုက်ခင်းသစ်တွေ ပြန်လည်ထူထောင်ဖို့ သစ်တောစိုက်ခင်းဟောင်းတွေကို ဖာထေးမှု မလိုအပ်ဘဲ သစ်တောပြုန်းတီး နေမှုတွေကို ကာကွယ်မှု စတာတွေကို လုပ်ကိုင်ရမှာ ဖြစ်သလို သတ္တုတွင်းဝန်ကြီးဌာန အနေနဲ့ကလည်းပဲ နယ်မြေခွဲပြီးတော့ ကြီးကြပ်ထားတဲ့ စစ်ဆေးရေးအရာရှိတွေ ခန့်ထားတာ ရှိပါတယ်။ မြို့နယ်တစ်ခုချင်း တစ်ခုချင်းမှာ ဒီအဖွဲ့တွေ ရှိပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာတွေနဲ့ တစ်နည်းအားဖြင့် အစိုးရနဲ့ ပြည်သူနဲ့ ပူးပေါင်းပြီးတော့ ကာကွယ်မယ်ဆိုရင် အင်းတော်ကြီးဒေသဟာ ပျက်စီးဆုံးရှုံးစရာ မရှိဘဲနဲ့ လတ်တလော နစ်နာနေမှုများကိုလည်း စစ်ဆေးပြီးတော့ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်းမှာပဲ အင်းတော်ကြီး၊ ရွှေမဥ္ဇူဘုရားပွဲ ကျင်းပခဲ့ပါတယ်။ တစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ ဘုရားပွဲကို တစ်နယ်လုံးက ရဟန်းသံဃာများနဲ့ ပြည်သူများ တက်ရောက်ပြီးတော့ ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြပါတယ်။ ကျွန်တော်နဲ့ မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း တို့ဟာ နယ်မြေအခြေအနေနဲ့ ပြည်သူတို့ရဲ့အသံကို သိရှိနိုင်ဖို့နဲ့ ဘုရားပွဲကို တက်ရောက်လာကြတဲ့ သံဃာတော်များနဲ့ ပြည်သူများကို ဆွမ်းထမင်းတစ်နပ် ကပ်လှူဖို့ အစည်းအဝေးမှ ခွင့်ယူပြီး သွားရောက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ဟာ ၁၈-၃-၂၀၁၃ ရက်နေ့မှာ မိုးညှင်းမြို့ကနေ အင်းတော်ကြီး ရွှေမဥ္ဇူ ဘုရားပွဲ ကျင်းပရာနေရာကို မော်တော်ကားနဲ့ သွားရောက်ခဲ့ပါတယ်။ မိုးညှင်းမြို့တည်ရှိရာ မြေပြန့်လွင်ပြင်ကနေ တောင်တစ်တောင်ကို ဖြတ်ကျော်ပြီးမှ အင်းတော်ကြီးကန် တည်ရှိရာ ချိုင့်ဝှမ်းဒေသကို ရောက်ပါတယ်။ အင်းတော်ကြီးကန်ရဲ့ ပတ်လည်မှာ ကျေးရွာများနဲ့ လယ်ယာစိုက်ခင်းတွေရှိပြီး ကျယ်ပြန့်လှတဲ့ ချိုင့်ဝှမ်းလွင်ပြင်ကြီး ရဲ့ ပတ်လည်မှာ တောင်တန်းကြီးများ ကာရံထားတာကြောင့်

သီးခြား ဒေသလေးတစ်ခုလို ဖြစ်နေတဲ့အတွက် အုပ်ချုပ်မှုရုံးစိုက်ရာ မိုးညှင်း၊ ဟိုပင်မြို့များနဲ့ သွားလာရေး ခက်ခဲမှုရှိတာကြောင့် အုပ်ချုပ်မှု အနည်းနဲ့အများ လျော့နည်းမှု ရှိနိုင်တယ်လို့လည်း သတိပြုမိခဲ့ပါတယ်။ ကျွန်တော်တို့ စီးလာတဲ့ကားဟာ ဦးဖေသောင်း အဆိုမှာ ဖော်ပြထားတဲ့ တရားမဝင် ရွှေတူးဖော်တဲ့ ခေါင်းတုံးချောင်း ကားလမ်းကူးတံတားကို ရောက်တော့ အနီရင့်ရောင်ရှိနေတဲ့ ရေနောက်တွေ အင်းတော်ကြီးကန်ဘက်ကို စီးဆင်းလျက်ရှိတာ တွေ့ရပါတယ်။ ကားလမ်းရဲ့ ဘယ်ဘက်အခြမ်းရဲ့ အထက်ပိုင်းကို ကြည့်လိုက်တော့ မုန်စုပ်စက်တွေနဲ့ ရွှေ တူးဖော်နေကြတာ ဟိုတစ်စု ဒီတစ်စု တွေ့ရပါတယ်။ ရွှေတူးဖော်တဲ့နေရာမှာ Backhoe တစ်စီးကိုလည်း တွေ့ရပါတယ်။ ချောင်းအထက်ပိုင်းကို လှမ်းကြည့်လိုက်တဲ့အခါမှာ တောင်ခြေသစ်တောအုပ်များကို တွေ့ရပါတယ်။ ရေနောက်များ စီးဆင်းနေမှု ပမာဏ များပြားတဲ့အတွက် မမြင်ရတော့တဲ့ ချောင်းရဲ့ အထက်ပိုင်း ဝဲယာ ဝန်းကျင်တစ်လျှောက်မှာလည်း ရွှေတူးဖော်မှုများ အများအပြား ရှိနိုင်ကြောင်း တွက်ဆမိပါတယ်။ ခေါင်းတုံးချောင်းဟာ ကားလမ်းပေါ်မှာ တည်ရှိတဲ့ မိုင်းနောင်ရွာအစပ်ကနေ ကားလမ်းကို ဖြတ်စီးပြီးတော့ အင်တော်ကြီးကန်ထဲကို စီးဝင်သွားတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အင်းတော်ကြီး ရွှေမဥ္ဇူဘုရား ရောက်တော့ ဆရာတော်ကျောင်းမှာပဲ တည်းခိုကြပါတယ်။ ညအချိန်မှာသံဃာတော်များကို ဖူးတွေ့ပြီး နယ်မြေခံပြည်သူအချို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဓိကကတော့ အင်းတော်ကြီးဘုရား ပြုပြင်မွမ်းမံဖို့ သာသနိက အဆောက်အအုံများ မပျက်စီးရအောင် ထိန်းသိမ်း ဖို့နဲ့ အဆောက်အဦ များ ဆက်လက်ဆောက်လုပ်လှူဒါန်းနိုင်ဖို့ အင်တော်ကြီးကန် မတိမ်ကောအောင် ယခု လက်ရှိအတိုင်း ဆက်လက်တည်မြဲနိုင်အောင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့ ဆွေးနွေး ကြပါတယ်။ ဒေသခံ ပြည်သူများက တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန်အတွင်းသို့ ရေနောက်များ စီးဝင် နေတဲ့အတွက် အင်းတော်ကြီးကန် သောင်ထွန်းလာမှုနဲ့ ကန်ဘေးရှိ လယ်မြေများ ပျက်စီးနေမှုများ ရှိနေကြောင်း ရွှေတူးဖော်မှုများကို မပိတ်ပင် မတားဆီးနိုင်ပါက အင်းတော်ကြီးကန် တိမ်ကောပျက်စီး မယ့်အပြင် ရွှေတူးဖော်ရာမှာ ထွက်ပေါ် စုပုံလာတဲ့ မြေစာများဟာ မိုးတွင်းကာလမှာ တောင်ကျရေနဲ့အတူ မျှောပါလာပြီး တောင်ခြေမှာရှိတဲ့ လယ်ကွင်းများကို ဖုံးလွှမ်းတဲ့အတွက် လယ်မြေ များ သဲကျောက်များ ဖုံးလွှမ်းခံရပြီးတော့ နယ်မြေခံပြည်သူများ လယ်ယာလုပ်ကိုင် မရတော့တဲ့အတွက် ဒုက္ခရောက်နိုင်ကြောင်း တရားမဝင် ရွှေတူးဖော်မှုများကို လိုအပ်သလို ကာကွယ်တားဆီးပေးဖို့ တင်ပြ တောင်းဆိုလာကြပါတယ်။

ကျွန်တော်တို့ဟာ နောက်တစ်ရက်မနက် အာရုံဆွမ်းကပ်ပြီးတော့ စက်လှေတစ်စီးနဲ့ အင်းတော်ကြီး ကန်ထဲကို ခေါင်းတုံးချောင်းစီးဝင်တဲ့နေရာကို သွားရောက်ကွင်းဆင်း ကြည့်ရှုခဲ့ကြပါတယ်။ ခေါင်းတုံးချောင်းစီးဝင်တဲ့နေရာ မရောက်မီမှာပဲ အင်းတော်ကြီး ကန်ရေပြင်ဟာ စိမ်းလဲ့ကြည်လင် နေရာကနေပြီးတော့ နီဝါရောင်ဖြစ်နေတဲ့ ကန်ရေပြင်ကြီးကို တစ်မျှော်တစ်ခေါ် တွေ့ရပါတယ်။ ခေါင်းတုံးချောင်းအထက်ပိုင်းတွင် တရားမဝင် ရွှေတူးဖော်မှုများကြောင့် ဖြစ်ပေါ်လာတဲ့ ရွံ့ရေအနောက်များ စီးဝင်နေမှုကြောင့် ယခုကဲ့သို့ ရေနောက်များ စတင်စီးဝင်ရာ ကန်အစပ်ကနေ ရေကန်အတွင်း (၁)မိုင်ခန့်အထိ နီဝါရောင်ရေပြင်များ ဖြစ်နေတာကို တွေ့မြင်ရပါတယ်။

အဲဒီတော့ ကျွန်တော် Slide မှာလည်း တင်ပြထားပါတယ်။ အင်းတော်ကြီးကန် ကြည်လင်နေတဲ့ ရေပြင်နဲ့ နီဝါရောင်ရေပြင် တစ်ကန့်စီ ဖြစ်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ကန်တော်ကြီးရဲ့ ဝန်းကျင်ကို ဆင်းကြည့်ဖို့ လုပ်တော့ ကန်စပ်တစ်လျှောက်မှာ မြေအမာ မရှိဘဲ သဲနုန်းရွှံ့မြေပြင်ကြီး ဖြစ်နေတာကြောင့် ကမ်းပေါ်ကိုရောက်အောင် ဒိုက်ဖုတ်မြက်ဖုတ်တွေ များများရှိတဲ့နေရာကို ရွေးနင်းပြီးတော့ ခက်ခက်ခဲခဲ သွားရပါတယ်။ မိုးညှင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း က မြက်ဖုတ်အပေါ် နင်းလိုက်တာ မြတ်ဖုတ်က အောက်မှာ အမာခံမရှိတဲ့ အတွက်ကြောင့်မို့လို့ ဦးဖေသောင်း ခါးလောက်ထိ နွံထဲနစ်သွားပါတယ်။ ပုံထဲမှာလည်း ဦးဖေသောင်း နွံထဲနစ်လို့ အားလုံးက ဝိုင်းဆွဲထုတ်နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အင်းတော်ကြီးကန်အထက်ပိုင်း ခေါင်းတုံးချောင်းနဲ့ ဝန်းကျင်တစ်ဝိုက် နှစ်ရှည်လများ တရားမဝင် ရွှေတူးဖော်နေမှုများကြောင့် အင်းတော်ကြီးကန်အတွင်းနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လယ်မြေများအပေါ် ရွှံ့၊ သဲ၊ ကျောက်စရစ်များ ဖုံးလွှမ်းအနည်ကျနေမှုဟာ ဘယ်လောက်များ များပြားဆိုးဝါးနေသလဲဆိုတာ အင်းတော်ကြီးကန်စပ်မှာရှိတဲ့ သစ်ပင်လေးများရဲ သစ်ကိုင်းများအထိ တောင်ဖို့မြေများ ရောက်ရှိနေတာ တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ပုံနဲ့လည်း တင်ပြထားပါတယ်။ ဒါ သစ်ပင်ကြီးရဲ့ သစ်ကိုင်းအထိ တောင်ဖို့ မြေတွေဟာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ပုံထဲမှာ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။ အလားတူပဲ လယ်တဲများဟာ ယခင်က တဲရဲ့အောက်မှာ ညအခါ ကျွဲနွားများ ထားနိုင်အောင် တဲကမြင့်ပါတယ်။ ပုံထဲမှာ တင်ပြထားပါတယ်။ အဲဒီတဲဟာ လယ်လုပ်တဲ့အခါမှာ ကျွဲနွားတွေကို တဲရဲ့အောက်မှာ ချည်ပါတယ်။ အခုကတော့ တောင်ဖို့မြေများဟာ ဆင့်ထိ ရောက်ရှိနေတာ ကျွဲနွား မပြောနဲ့ ဝက်တောင် ဝင်လို့ မရတော့တဲ့ အနေအထားမျိုးမှာ ဖြစ်ပါတယ်။ ဒါ အထင်အရှား တွေ့မြင်နိုင်ပါတယ်။ ရွှံ့သဲနုန်းများဖုံးလွှမ်း အနည်ချမှုကြောင့် လယ်မြေများ အများအပြား ပျက်စီးပြီးတော့ လုံးဝစိုက်ပျိုးလို့မရတော့တာ တွေ့ရပါတယ်။

တစ်ဆက်တစပ်တည်း လယ်မြေများ ပျက်စီးနေမှုဟာ တစ်မျှော်တစ်ခေါ်ပါပဲ။ ဧက(၅၀၀) ခန့်အထိ ပျက်စီးနေတယ်လို့ ဒေသခံများက ပြောပါတယ်။ ဒါတွေဟာ လယ်ပျက်တွေ ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ တစ်ဆက်တစပ်တည်း တင်ပြဆွေးနွေးချင်တဲ့ အချက်ကတော့ ကမ်းစပ်ကနေ ရေလယ်ရှိ ရွှေမဥ္ဇူဘုရားကို သွားတဲ့ ကွန်ကရစ်လမ်းရဲ့ ညာဘက်ကမ်း ရေညာဘက်အခြမ်းမှာ ဒိုက်မှော်များကိစ္စ ဖြစ်ပါတယ်။ ယခင် ကွန်ကရစ်လမ်း မခင်းမီက ဒိုက်မှော်များ မရှိတာကို သိရပါတယ်။ ယခု ကွန်ကရစ်လမ်း ပြုလုပ်တဲ့အတွက် ရေညာမှ ရေစီးနဲ့ အတူ ပါလာတဲ့ ဒိုက်မှော်များဟာ ကွန်ကရစ်လမ်းကို ဖြတ်ကျော်မစီးနိုင်တဲ့အတွက် လမ်းရဲ့ ညာဘက်မှာ ဒိုက်မှော်များ စုပုံနေတာကို တွေ့မြင်နေရပါတယ်။ ကာလကြာရှည်လာတဲ့အခါ ဒိုက်မှော်များဟာ စုပုံပြီးတော့ သောင်ထွန်းလာမှုကြောင့် ကန်တိမ်ကောမှုများ ရှိလာတာကို တွေ့ရပါတယ်။ နှစ်ကြာလာတဲ့အခါ ရေလယ်ရှိဘုရားဟာ ကန်စပ်သို့ ရောက်လာတော့မယ့် အနေအထားကို တွေ့မြင်နေရပါတယ်။

ယခင်က ဘုရားပွဲ ကျင်းပနေစဉ်မှာ ကန်စပ်ကနေ ဘုရားကို သွားတဲ့ လူသွားလမ်း နတ်သွားလမ်း လမ်းနှစ်လမ်း ဖြစ်ပေါ် မြင်တွေ့ရမှုဟာလည်း ယခုအချိန်မှာ ရေတိမ်ကောပြီး ဒိုက်မှော်များ ရှိနေတဲ့အတွက် ယခင်က ရှိခဲ့တဲ့ ဘုရားရဲ့ ထူးခြားမှုကို မမြင်တွေ့နိုင်တော့တာကြောင့် ဘုရားဖူးများဟာ ဘုရားရဲ့ ထူးခြားလေးနက်မှု လျော့နည်းသွားသလို စိတ်ထဲမှာ ခံစားကြရပါတယ်။

တာဝန်ကျနေတဲ့သစ်တောက ဝန်ထမ်းများကို ဒိုက်မှော်များ ရှင်းလင်းပေးဖို့ ညှိနှိုင်းပြောဆိုတဲ့ အခါမှာ ဒိုက်မှော်များရဲ့ အောက်မှာ ငါးများ သားပေါက်ခြင်း ဖြစ်တဲ့အတွက် ဒိုက် ရေမှော်များကို ရှင်းလင်း၍ မဖြစ်နိုင်ကြောင်း ဖြေကြားပါတယ်။ အကျိုးနဲ့အပြစ်ကို တွက်ဆပြီးတော့ အကျိုးများတဲ့ဟာကို ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများဟာ ရိုးသားပြီးတော့ အသိအမြင် နည်းပါးတဲ့အတွက် မိမိတို့ရဲ့ ကန်တော်ကြီး ပျက်စီးနေမှု လယ်ယာမြေ အမြောက်အမြား ပျက်စီးပြီးတော့ အလုပ် လက်မဲ့ ဖြစ်နေရမှု စတဲ့ အခက်အခဲများကို မည်သူ့ကို မည်သည့်ဌာနကို သတင်းပို့ တင်ပြရမယ်ဆိုတာလည်း နားမလည်ကြပါဘူး။ သတင်းပို့ တင်ပြလိုက် ပြန်ရင်လည်း မိမိနဲ့ မိမိ မိသားစုများကို ရွှေတူးဖော်သူများ ရွှေတူးဖော်မှုနဲ့ ပါဝင်ပတ်သက် ဆက်စပ် နေသူများက တစ်နည်းတစ်ဖုံ မလွဲမသွေ ပြန်လည်ဒုက္ခပေးနိုင်တာကြောင့် သတင်းပို့ တင်ပြမှုကို မပြုလုပ်ရဲကြဘဲ အောင့်အီးမြိုသိပ်ပြီး ဖြစ်သလို လုပ်ကိုင်စားသောက်နေထိုင်ကြ ရပါတယ်။ ကန်တော်ကြီးကန် မတိမ်ကောရေးနဲ့ ပတ်သက်လို့လည်း ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ ကျွန်တော် မေးမြန်းဆွေးနွေးခဲ့ဖူးပါတယ်။

အဲဒီတုန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးက အင်းတော်ကြီးကန်ရဲ့ အမွေအနှစ်များ ကြီးမားကြောင်း အင်းတော်ကြီးကန်နဲ့ သစ်တောကြိုးဝိုင်း (၅)ခု စုစုပေါင်းဧရိယာ (၂၀၁၃၈၉)ဧကကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း အင်းတော်ကြီးဒေသမှာ အုပ်ချုပ်ရေးမှူးရုံးများ ဖွင့်လှစ်ပြီး ဝန်ထမ်းများကိုလည်း တိုးချဲ့ဖွဲ့စည်းလျက် အင်းတော်ကြီးကန်နဲ့ဘေးမဲ့တောကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း အင်းတော်ကြီးကန်ကို အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဗဟိုဌာန Asean Center for Bio Diversity နှင့် နည်းပညာ ရန်ပုံငွေများ ရယူပြီးတော့ ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ အင်းတော်ကြီးကန် ရေရှည် တည်တံ့မှုနဲ့ ဒေသခံပြည်သူလူထုရဲ့ စားဝတ်နေရေးအထောက်အကူပြုမယ့် အစိမ်းရောင်စီးပွားရေး လုပ်ငန်း Green Economy (၂)နှစ်စီမံကိန်းကိုလည်း မကြာမီ အကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ပြန်လည်ဆွေးနွေးဖြေကြားခဲ့ပါတယ်။ ပြန်လည်ဆွေးနွေးချက်နဲ့ အစီအမံများဟာ အင်မတန် သဘာဝကျသည့် တကယ်အကောင်အထည်ဖော်ကြရင် တကယ် ဖြစ်လာမယ့် အစီအမံများ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အစီအမံအတိုင်း ဖြစ်မလာဘဲ အင်းတော်ကြီး ကန်နဲ့ ပတ်ဝန်းကျင် အခြေအနေဟာ တဖြည်းဖြည်း ပိုမိုဆိုးဝါးနေကြောင်း ရိုးသားစွာနဲ့ အလေးအနက် ထားပြီး တင်ပြလိုပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း တို့ဟာ အင်းတော်ကြီးကနေပြီးတော့ ၂၂-၃-၂၀၁၃ ရက်နေ့မှာ ကချင်ပြည်နယ် ဝန်ကြီးချုပ်ရုံးခန်းမှာ ဝန်ကြီးချုပ်နဲ့ သွားရောက်တွေ့ဆုံပြီး အင်းတော်ကြီးဒေသ တရားမဝင် ရွှေ တူးဖော်နေမှုများကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနဲ့ လယ်မြေများ ပျက်စီးနေမှု များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ဖို့ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ ဝန်ကြီးချုပ်က တရားမဝင် ရွှေတူးဖော်မှုများ ပြုလုပ်နေတာကို သတင်းမရကြောင်း၊ မသိရှိပါကြောင်း ယခင်က သတင်းရတဲ့အတွက် ရွှေတူးဖော်မယ့် ရွှေမုန်စက်များကို ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ဖူးပါကြောင်း နယ်မြေ

စိုးမိုးမှု မပြုလုပ်နိုင်တဲ့အတွက် ရွှေတူးဖော်မှုများကို တားဆီးရန် အခက်အခဲများ ရှိနေပါကြောင်း၊ ယခုတစ်ခါ သွားရောက်ဖမ်းဆီးဖို့ ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများကို အကြောင်းကြားပြီးပြီ ဖြစ်ပါကြောင်း၊ ရွှေတူးဖော်မှု မပြုလုပ်ရန် ကန်တော်ကြီးကို နယ်မြေခံ ပြည်သူလူထုကလည်း အသိတရားရှိရှိနဲ့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပေးရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း စည်းရုံးအသိပညာပေးရန် ကူညီပေးစေလိုကြောင်း ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း ယခု ဖမ်းဆီးလို့ အကျိုးမရှိနိုင်တဲ့အပြင် ပြည်သူများ ပိုမိုဒုက္ခရောက်သွားနိုင်ကြောင်း တချို့ ရွှေတူးဖော်သူများဟာ အများက တူးဖော်ကြလို့ အကျိုး ဖြစ်ထွန်းတာကို အားကျပြီးတော့ မိမိလည်း တူးဖော်လို့ရှိရင် ဖြစ်နိုင်မယ်လို့ ထင်မြင်ယူဆပြီးတော့ ရှိတဲ့အရင်းအနှီးနဲ့ မုန်စက်တွေဝယ်ပြီး ရွှေတူးဖော်တဲ့လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း အဖမ်းခံရလို့ရှိရင် အရင်းအနှီးပါ ပြုတ်ပြီးတော့ မိသားစုဒုက္ခရောက်နိုင်ကြောင်း၊ ဒါ့အပြင် ယခင်က ဖမ်းဆီးမှုများ ရှိခဲ့ကြောင်း ဖမ်းဆီးဆိုရာမှာ တကယ့်အမှန်အကန် ဖမ်းတာမဟုတ်ဘဲ ရွှေတူးဖော်တဲ့သူများထံကနေပြီးတော့ ကျသင့်တဲ့ငွေ ကောက်ခံပြီး ရတဲ့ငွေနဲ့ မကောင်းတော့တဲ့ မုန်စက်များကို ဈေးပေါပေါနဲ့ ဝယ်ပြီးတော့ အထက်ဌာနများကို အဖမ်းပြနေကြကြောင်း အမှန်တကယ် မဖမ်းဘဲ ခေတ္တရွှေတူးဖော်မှု ရပ်ဆိုင်းထားပြီးတော့ အထက်ဌာနမှ ကြပ်မတ်မှုအားနည်းတဲ့အခါမှာ နားလည်မှုနဲ့ အပေးအယူများ ပြုလုပ်ပြီးတော့ ပြန်လည်တူးဖော်နေကြတယ်လို့ နယ်မြေခံပြည်သူများ ပြောပြချက်အရ သိရှိရကြောင်း၊ ဒါကြောင့်မို့ တရားမဝင် ရွှေတူးမှုများကြောင့် အင်းတော်ကြီးကန် နယ်မြေများ ပျက်စီးမှုကြောင့် ရွှေတူးဖော်မှု လုပ်ကိုင်သူများဟာ မည်သည့် ရွှေတူးဖော်မှု လုပ်ကိုင်သူများအား မည်သည့်ရက်နေ့မှ စတင်ပြီးတော့ တာဝန်ရှိသူများက ဝင်ရောက်စစ်ဆေးဖမ်းဆီးအရေးယူရမည်ဖြစ်ကြောင်းဖြစ်ကြောင်း (၁၀)ရက် (၂)ပတ်တန်သည် အကြောင်းကြား၊ အသိပေးပြီးမှ ဝင်ရောက်ဖမ်းဆီးသင့်ပါကြောင်း ယခု အမိန့်ထုတ်ပြန်ပြီးပါက ပြည်သူများ သိရှိနေပြီဖြစ်တဲ့အတွက် ဆက်လက်ဝင်ရောက်လုပ်ကိုင်သည့်သူများအား တရားဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူအပြစ် ပေးသင့်ပါကြောင်း နယ်မြေစိုးမိုးမှု မရှိတဲ့အတွက် ကွင်းဆင်းစစ်ဆေးရန် အခက်အခဲ ရှိတယ် ဆိုလို့ရှိရင်လည်း ခေါင်းတုံးချောင်းဖျားတစ်ဝိုက်မှာ Backhoe (၄)စီးနဲ့ မုန်စက်(၁၀၀)ခန့် ရွှေတူးဖော်နေကြတယ်ဆိုတာ သိရှိရကြောင်း၊ Backhoe (၄)စီး ပိုင်ရှင်ရဲ့ မုန်စက်နဲ့ ပြုလုပ်တဲ့ လုပ်ငန်းရှင်အချို့ကို နာမည်နဲ့ လိပ်စာများ သိရှိထားပြီးဖြစ်တဲ့အတွက် ၎င်းတို့ကို အုပ်ချုပ်ရေးတာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်းနဲ့ ရွှေတူးဖော်မှုကို ဆက်လက်မပြုလုပ်ရန် သတိပေးတားဆီးမှုများ ပြုလုပ်နိုင်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူထဲသို့ ထဲထဲဝင်ဝင် ဝင်ရောက်ပြီးတော့ စည်းရုံးအသိပညာပေးမှုများ ပြုလုပ်ပေးခြင်းဖြင့် အုပ်ချုပ်မှုအပိုင်း တာဝန်ထမ်းဆောင်မှုအပေါ် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်တင်ပြဆွေးနွေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းတော်ကြီးကန်ဟာ မြန်မာနိုင်ငံမှာ အကြီးဆုံးကန် ဖြစ်သလို အရှေ့တောင်အာရှမှာလည်း အကြီးဆုံးကန်ဖြစ်ကြောင်း သိရှိရပါတယ်။ သဘာဝအမွေအနှစ်ဖြစ်တဲ့ အင်းတော်ကြီးကန်နဲ့ ပတ်ဝန်းကျင်ကို မူလနဂိုအတိုင်း ရှိနေအောင်၊ မပျက်မစီးအောင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးဖို့ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရမှာ အဓိကတာဝန်ရှိတယ်လို့ ယူဆပါတယ်။ ပြည်ထောင်စုအစိုးရက တာဝန်ပေးဆောင်ရွက်စေရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သစ်တောရေးရာဝန်ကြီးဌာန တစ်ခုတည်းနဲ့ မလုံလောက်ဘဲ

ဆက်စပ်လျက်ရှိတဲ့ ဝန်ကြီးဌာနများ ဥပမာ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဟိုတယ်နဲ့ခရီးဝန်ကြီးဌာနများ စတဲ့ ဝန်ကြီးဌာန များနဲ့ ဒေသခံပြည်သူတို့ အသိတရားရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်သွားကြမှ အပြည့်အဝ အောင်မြင် နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူများနဲ့ အတူ အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ တာဝန်ပေးတဲ့အပိုင်းမှာ ပြည်ထောင်စုအစိုးရက တာဝန်ယူဆောင်ရွက်မယ့်ကဏ္ဍ၊ ပြည်နယ်အစိုးရက တာဝန်ယူ ဆောင်ရွက် ရမယ့်ကဏ္ဍ စသည်တို့ကို တိတိကျကျ သတ်မှတ်ပေးဖို့ လိုအပ်မှာ ဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ အုပ်ချုပ်မှုနဲ့ ဌာနဆိုင်ရာအဆင့်ဆင့်ကိုလည်း လုပ်ပိုင်ခွင့် အပြည့်အဝပေးမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုတဲ့ အပိုင်းတွေကို ပြတ်ပြတ်သားသား ချမှတ်လုပ်ဆောင်ကြမယ်ဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီး ဆွေးနွေးခဲ့တဲ့ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စီမံကိန်း ဟာ မလွဲမသွေ အောင်မြင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ သတ္တုတွင်း ဝန်ကြီးဌာနအနေနဲ့လည်း ရွှေ တရားမဝင် တူးဖော်နေမှုများကို ဒေသခံများအနေနဲ့ ပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေဘဲ တရားဝင် တူးဖော်နိုင်အောင် ဘယ်လိုစီစဉ်ပေးနိုင်မလဲ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည့် နည်းလမ်းရှာ ဆောင်ရွက်ပေးမယ်ဆိုရင် အစိုးရအနေနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံကိန်းကို အထိုက်အလျောက် ဆောင်ရွက်ပေးနိုင်မယ်။ ဒေသခံများကလည်း အလုပ်အကိုင် ရရှိမှုကြောင့် စားဝတ်နေရေး အထိုက် အလျောက် အဆင်ပြေနိုင်ကြမှာ ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနဲ့ ဆက်နွှယ်ပြီး ကချင် ပြည်နယ်မှာ ရေခဲတောင်၊ ဧရာဝတီမြစ်ဆုံ၊ ဒုတိယကမ္ဘာစစ်မှာ အိန္ဒိယ၊ မြန်မာ၊ တရုတ်(၃)နိုင်ငံကို ဖောက်လုပ်အသုံးပြုခဲ့တဲ့ Steel Way Land ခေါ် လီဒိုလမ်းမကြီး၊ ဟူးကောင်း၊ ကဘော်ချိုင့်ဝှမ်း၊ ကမ္ဘာကျော်တဲ့ ဖားကန့်ကျောက်စိမ်းနယ်မြေ အင်းတော်ကြီးဒေသ ဒါတွေဟာ တစ်ဆက်တစပ်တည်း လေ့လာနိုင်တဲ့ စွန့်စွန့်စားစား ခရီးသွားလုပ်ငန်းအတွက် အင်မတန် သင့်လျော်တဲ့ဒေသ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ အင်းတော်ကြီးကန်နဲ့ပတ်ဝန်းကျင်ဒေသဟာ စိမ့်စမ်းတောတောင် ထူထပ်ကြီးမားတဲ့ဒေသဖြစ်ပြီး မန္တလေး၊ မြစ်ကြီးနား၊ ကားလမ်း ရထားလမ်းနဲ့လည်း မဝေးလှတဲ့ အနေအထားမှာရှိတာကြောင့် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှာရှိတဲ့ ဆာဖာရီဥယျာဉ်လို ဥယျာဉ်မျိုး တည်ဆောက်မယ်ဆိုရင် စိတ်ဝင်စားဖို့ကောင်းမွန်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များနဲ့ ဖက်စပ်အကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင် နာမည်ကျော်ကြားတဲ့ ဥယျာဉ် တစ်ခု ဖြစ်နိုင်တယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြချင်တဲ့ အချက်ကတော့ အင်းတော်ကြီးကန် ပြုပြင်ဆောင်ရွက်ခြင်း နှင့် ပျက်စီးသွားတဲ့ လယ်မြေများကို စိုက်ပျိုးနိုင်တဲ့အဆင့်ကို ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်တဲ့ အခါ စက်ယန္တရားများ လိုအပ်နိုင်ပါတယ်။ ဒေသခံ လယ်ပိုင်ရှင်များအနေနဲ့ ဆောင်ရွက်နိုင်တဲ့ အနေအထားမှာ မရှိပါဘူး။ ဒါကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးဌာနများက ကွင်းဆင်းစစ်ဆေးပြီးတော့ နောက်တစ်နှစ် မိုးရာသီမှာ စပါးပြန်လည်စိုက်ပျိုးနိုင်အောင် လိုအပ်သလို ဘတ်ဂျက် တောင်းခံ ပြင်ဆင်ပေးဖို့ကိုလည်း ပြည်သူများ၏ကိုယ်စား တင်ပြဆွေးနွေးရင်း ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနဲ့ လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်

ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဦးဖေသောင်း နွံနစ်တဲ့ပုံကို တော်တော်သဘောကျနေတာ။ ဒေသရဲ့အကျိုးအတွက် သက်စွန့်ဆံဖျား ဆောင်ရွက်ချက်မှတ်တမ်းတစ်ခုပေါ့။ အမှန်တော့ လူနဲ့ဆွဲထုတ်လို့မရရင် ဦးညွန့်တင် တင်ပြတဲ့ Aviation, General Aviation နဲ့ လေယာဉ်ငှားပြီး ဆွဲထုတ်လိုက်ပေါ့။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ အဲဒီတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) ဦးဖေသောင်း ရဲ့ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန်သောင်ဖြစ်ထွန်းနေမှုနဲ့ လယ်ယာမြေများပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ကျွန်တော် ထောက်ခံတင်ပြ ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ ကျွန်တော်တို့ဟာ ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူတွေရဲ့ဆန္ဒတွေကို လေးစားလိုက်နာ တင်ပြတိုက်တွန်းပေးကြရမှာ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒတွေကို တင်ပြတောင်းဆိုပေးတဲ့၊ တိုက်တွန်းပေးတဲ့ ဦးဖေသောင်း ရဲ့ အဆိုကိုလည်း ထောက်ခံပါတယ်။ ဒီအဆိုဟာ ပကတိအခြေအနေကို ထင်ဟပ်တင်ပြတိုက်တွန်းတဲ့ အဆို ဖြစ်တဲ့အတွက် ထောက်ခံသင့်တဲ့ အဆိုလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဦးဖေသောင်း ရဲ့ တင်ပြတိုက်တွန်းချက်ဟာ အင်းတော်ကြီးကန်ဒေသကိုသာ တင်ပြတိုက်တွန်းထားတာဖြစ်ပြီး ဒီဒေသနဲ့အပြင် အခြားတစ်နိုင်ငံလုံးမှာလည်း ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်နေပါတယ်ဆိုတဲ့ အခြေအနေကို ကျွန်တော် ဖြည့်စွက်တင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေတူးဖော်မှုကို ကြည့်မယ်ဆိုလို့ရှိရင်တော့ ၁၉၉၀ ခုနှစ်လောက်က စတင်ပြီးတော့မှ ရွှေဝယ်ယူရေးစခန်း၊ ရွှေဝယ်ယူရေးဌာနခွဲများ ဖွင့်လှစ်ပြီးတော့မှ ဆောင်ရွက်လာခဲ့တာဟာ ဒီကနေ့အထိ နှစ်ပေါင်း(၂၀)ကျော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီတော့ ရွှေလုပ်ကွက်တွေ ချထားပေးတဲ့အပေါ်မှာ ကြည့်မယ်ဆိုလို့ရှိရင် လက်လုပ်လက်စားလုပ်ကွက်၊ အသေးစားလုပ်ကွက်၊ အကြီးစားလုပ်ကွက်။ လက်လုပ်လက်စားလုပ်ကွက်ကတော့ (၀.၅)ဧက၊ အသေးစားလုပ်ကွက်ကတော့ ဧက(၂၀)၊ ဧက(၂၀)ထက် ကြီးတဲ့ဟာကို အကြီးစား

လုပ်ကွက် ဆိုပြီးတော့ အဆင့်ဆင့်နော်။ နည်းစနစ်ပုံစံ အမျိုးမျိုးနဲ့ ကျွန်တော်တို့ ဖော်ထုတ်နေကြတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ဖော်ထုတ်နေတဲ့ လုပ်ကွက်တွေကို ကြည့်မယ်ဆိုရင် ၂၀၁၀-၂၀၁၁ ခုနှစ်မှာ (၁၅၃၉)ကွက်၊ ၂၀၁၁-၂၀၁၂ မှာဆိုရင် (၁၃၆၆)ကွက် ရှိတဲ့အကြောင်းကို ဒီ အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာနရဲ့ စာရင်းတွေမှာ တွေ့ရှိရပါတယ်။ နောက် ပကတိအခြေအနေမှာတော့ ဒါ့ထက်များစွာပိုနိုင်ပါတယ်။ အဲဒီတော့ ဒီကနေ့အထိ လုပ်ကွက်ဧကပေါင်းဟာ ဘယ်လောက်ရှိနေပြီလဲ။ ရွှေတူးဖော်ပြီးတော့ စွန့်ပစ်သွားတဲ့ ဧကပေါင်းဟာ ဘယ်လောက်ရှိနေပြီလဲ။ ဒီကနေ့အထိ ကျွန်တော်တို့ ဘယ်သူမှ မသိနိုင်ပါဘူး။ ကျွန်တော်တို့ ပြောမယ်ဆိုရင်တော့ ဒါ မိုးနတ်မင်းကြီးနဲ့ ဘုရားသခင်မှပဲ သိမယ်လို့ပဲ ကျွန်တော်တို့ ပြောရလိမ့်မယ်လို့ ထင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျာ။ အဲဒီတော့ နိုင်ငံတော်ကနေပြီးတော့မှ ဒီရွှေလက်ခံရရှိမှုကို ကြည့်မယ်ဆိုရင်လည်း ပြည့်ပြည့်ဝဝ မရခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ၁-၇-၂၀၁၂ ရက်နေ့မှာ ပေးသွင်းရန်ကျန်ရှိနေတဲ့ ကုမ္ပဏီပေါင်းဟာ (၁၅၉) ခုရှိပြီးတော့မှ အဲဒီအထဲမှာ စာရင်းမသွင်း၊ စာရင်းမဖော်ပြတဲ့ ကုမ္ပဏီတွေလည်း များစွာ ရှိနေပါတယ်။ အဲဒီတော့ ရွှေပေးသွင်းရန်ကျန်ရှိနေမှု အခြေအနေကို ကျွန်တော်တို့ ကောက်နုတ်တင်ပြပေးရမယ်ဆိုရင် ၃၁-၁၀-၂၀၁၂ ရက်နေ့မှာ တိုင်းဒေသကြီး/ပြည်နယ်(၉)ခုမှာ (၁၀၃၁၃.၄၀)ကျပ်သား ကျန်ရှိပါတယ်။ အဲဒီတော့ ၂၀၁၁-၂၀၁၂ (၆)လကာလမှာ (၄၂၂၉.၄၄)ကျပ်သားကျန်ရှိပါတယ်။ အဲဒီတော့ ဒီကနေ့ အကြွင်းအကျန်အနေနဲ့ ကျန်ရှိတဲ့ စုစုပေါင်းကတော့ (၂၀၉၂၂.၉၉)ကျပ်သား ကျန်ရှိတာကို တွေ့ရှိရပြီးတော့ ကျွန်တော်တို့ ၃၁-၃-၂၀၀၃ ရက်နေ့အထိ ဆိုလို့ရှိရင် ကျပ်သားပေါင်း (၃၅၉၆၇.၈၈)ကျပ်သား ကျန်ရှိတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ဒီကျပ်သားကို ကျွန်တော်တို့ လက်ရှိပေါက်စျေးနဲ့ တွက်ဆကြည့်လို့ ဒါတွေသာ အကုန်ရလိုက်မယ်ဆိုရင် ဒီကနေ့ ကျွန်တော်တို့ နိုင်ငံတော်မှာ လိုငွေပြနေတာကိုများ ဖြည့်ဆည်းပေးနိုင်မလားလို့တောင်မှ ကျွန်တော်စဉ်းစားမိပါတယ်။ အဲဒီတော့ ဒီရွှေပေးသွင်းရန် ကျန်ရှိနေတဲ့ ကုမ္ပဏီတွေကို သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းက စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁၁)ဖွဲ့၊ ဖွဲ့စည်းပြီးတော့မှ စစ်ဆေးပြီး၊ ဒီပေးသွင်းရန်ကျန်ရှိတဲ့ ကုမ္ပဏီ(၁၂၃)ခုကို စစ်ဆေးနိုင်ခဲ့ပြီးတော့မှ ကုမ္ပဏီ(၁၁၈)ခုဟာ ဆက်သွယ်မရတဲ့ ကုမ္ပဏီတွေဖြစ်နေတာ တွေ့ရကြောင်း ကျွန်တော်လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီအချက်တွေကို ကြည့်မယ်ဆိုလို့ရှိရင်တော့ ရသင့်ရထိုက်တဲ့ နိုင်ငံတော်က ရွှေတွေဟာ အပြည့်အဝ မရတော့ဘူး။ မိမိချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ အညီ မလုပ်ဆောင်နိုင်ဘူး။ တာဝန်ယူ၊ တာဝန်ခံမှုမရှိဘူးဆိုတာကို ကျွန်တော်တို့ ဖော်ပြနေပါတယ်။

အဲဒီတော့ ကုမ္ပဏီတွေအခြေအနေနဲ့ ကုမ္ပဏီတွေရဲ့ တိုးတက်မှုတွေကို ကြည့်မယ်ဆိုလို့ရှိရင်လည်း တချို့သော ကုမ္ပဏီတွေဟာ ကျွန်တော်တို့ Black List စာရင်းသွင်းခံရပြီးတော့မှ ဖြစ်သွားတဲ့ ကုမ္ပဏီတွေလည်း ရှိသလို၊ အဲဒီတော့ ကုမ္ပဏီတွေအပိုင်းအပြင် ဒီမှာ တူးဖော်နေကြတဲ့ လက်လုပ်လက်စားပုဂ္ဂိုလ်တွေရဲ့ အခြေအနေတွေဟာလည်း ဒီကနေ့ ဒါရှေ့က ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို အလွန်ဆိုးရွားစွာ ဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် သာဓကလေးတစ်ခု ထည့်သွင်းတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ဒေသက လယ်သမား (၃)ဖွဲ့ဟာ ကျွန်တော်တို့ တစ်ယောက်ကို (၁၀)ဧက ပတ်ဝန်းကျင်လောက် လယ်လုပ်တဲ့ ပုဂ္ဂိုလ်တွေပါ။

အဲဒီတော့ ဒီပုဂ္ဂိုလ်တွေဟာ မနှစ်က စပါးထွန်တုံး ကျတယ်။ ကျတဲ့အခါကျတော့ အသုံးစရိတ်နဲ့ သူတို့ ထွက်ရှိတဲ့ဟာ မကာမိဘူး။ ဘာကြောင့်လဲဆိုရင် စပါးဈေးနှုန်းကလည်း မနှစ်က ကျပါတယ်။ အဲဒီတော့ လယ်သမားတွေက ကံဆိုးတာလား၊ ဒီစပါးတွေကို ပြန်ပြီးတော့မှ ဝယ်လှောင်တဲ့ ပုဂ္ဂိုလ်တွေက ကံကောင်းတာလားမသိဘူး။ ဝယ်လှောင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဈေးကြီးကြီးနဲ့ ခံစားလိုက်ရပါတယ်။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ လယ်သိမ်းပြီးတဲ့အချိန်မှာ ရွှေသွားတူးပါတယ်။ ရွှေသွားတူးတဲ့ အခါကျတော့ ကျွန်တော်တို့ ဒါ တစ်လ (၅)ကျပ်သားနှုန်းနဲ့ သွင်းပါဆိုတော့ သူတို့ သွင်းပြီးတော့ တူးကြပါတယ်။ တူးတဲ့အခါ ကျတော့ သူတို့အဆင်ပြေတယ်။ အဲဒီတော့ အဆင်ပြေ တာပေ့ါ။ လက်ရှိလယ်တွေကို စာရင်းငှားနဲ့ လုပ်မယ်။ ငါတို့ရွှေပဲဆက်တူးမယ်။ အဲဒီတော့ တူးတဲ့အခါ ကျတော့ တူးလို့ ရွှေရမှန်းလည်းသိရော တစ်ဆင့်ခံ ချထားပေးတဲ့ ကုမ္ပဏီက တစ်လကို (၁၀)သား သွင်းရမယ်လို့ ပြောပါတယ်။ အဲဒီလို ပြောလိုက်တဲ့အတွက် သူတို့ဟာ နောက်ကြောင်းပြန်ပြီးတော့မှ ပြန်သွင်းလိုက်ရတဲ့ အခါကျတော့ သူတို့မှာဘာမှ မကျန်တော့ဘူး။ အဲဒီတော့ သူတို့ဟာ နဂိုအတိုင်း စက်တွေနဲ့၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ သူတို့ဟာ ဆက်လုပ်မှ ဖြစ်မယ်ဆိုပြီးတော့မှ ဒါ ဒုက္ခတွင်းမှာ ဆက်လုပ်နေကြရတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီတော့ ကုမ္ပဏီတွေလည်း အဆင်ပြေတဲ့ ကုမ္ပဏီတွေလည်းရှိသလို အဆင်မပြေတဲ့ ကုမ္ပဏီတွေလည်းရှိတယ်။ လက်လုပ်လက်စားတွေလည်း အဆင်မပြေဘူး။ အဲဒီတော့ နိုင်ငံတော်ကလည်း ရွှေ အပြည့်အဝ မရဘူး။ အဲဒီတော့ ဒါတွေကို ခြုံငုံ သုံးသပ်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပကတိမြေပြင်မှာ ရွှေတူးဖော်ပြီးတော့မှ စွန့်ပစ် ထားတဲ့ လုပ်ကွက်တွေ၊ တူးဖော်နေဆဲ လုပ်ကွက်တွေမှာ ချိုင့်ကွက်ကြီးတွေ၊ ကျင်းကြီးတွေ၊ သဘာဝ ပတ်ဝန်းကျင်ကို အဆိုးရွားဆုံး ဖျက်ဆီးခံရပြီးတော့မှ ပျက်စီးနေတာတွေကိုပဲ ကျွန်တော်တို့ တွေ့နေ ရပါတယ်။

အဲဒီတော့ ဒါတွေကို ဘယ်လို ကျွန်တော်တို့က ကုစားမလဲ။ အဲဒီတော့ ဒါတွေ ဒီဇကတွေ ဘယ်လောက်ရှိနေပြီလဲ။ ဘယ်လို အစားထိုးပြီးတော့မှ ကျွန်တော်တို့ စီမံချက်တွေ ချပြီးတော့မှ ဆောင်ရွက်မလဲ။ ဘယ်သူတွေက တာဝန်ခံမလဲ။ ဘယ်သူတွေက တာဝန်ယူမလဲ။ အဲဒီတော့ ဒါ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကတော့ ဝိုင်းဝန်းစဉ်းစားပေးစေချင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေဟာ တင်ပြနေတာက ကျွန်တော် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၊ ဒီလုပ်ငန်းတွေ ရပ်ဆိုင်းဖို့ ဒါတွေကို တင်ပြနေခြင်း မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ အကောင်းဆုံးအစီအမံတွေနဲ့ ကျွန်တော်တို့ ဘယ်လို ဆက်လက် လုပ်ဆောင် မလဲဆိုတဲ့ အဖြေကို ရှာစေချင်လို့ ကျွန်တော် တင်ပြနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော် ကလည်း ရွှေမရဘူး။ လက်လုပ်လက်စားတွေလည်း အဆင်မပြေဘူး။ နောက် ကုမ္ပဏီအချို့လည်း အဆင်မပြေဘူး။ နောက် ဒုက္ခဆင်းရဲပေါင်းများစွာနဲ့ ကျင်လည်နေကြပြီးတော့မှ နိုင်ငံတော်မှာလည်း ကျွန်တော်တို့ သဘာဝသယံဇာတပတ်ဝန်းကျင်တွေ အဆိုးရွားဆုံးအခြေအနေကို ရောက်နေတာတွေကို ဘယ်လိုကုစားရင် ကောင်းမလဲလို့ ဆွေးနွေးတင်ပြ တိုက်တွန်းရင်းနဲ့ ကျွန်တော့်ရဲ့ ထောက်ခံချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးလေးစားပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် ကချင်ပြည်နယ် အမှတ်(၆) မဲဆန္ဒနယ်မြေမှ ဦးဖေသောင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီတင်ပြချက်ထဲမှာ ဦးသိန်းဝင်း ဆွေးနွေးတဲ့ အထဲမှာလည်း ပါပါတယ်။ နိုင်ငံအတွင်းမှာ တရားမဝင် ရွှေတူးဖော်နေတဲ့နေရာတွေဟာ နေရာအနှံ့အပြား ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ထင်ရှားပါတယ်။ ဒီကိစ္စဟာ ပေါ်ပေါ်ထင်ထင် လုပ်ရတဲ့ကိစ္စဖြစ်တယ်။ စက်ယန္တရား တွေဟာ ခိုးကြောင်ခိုးဝှက် သယ်လို့မရပါဘူး။ ဒါတွေဟာ နားလည်မှုနဲ့ လုပ်နေကြတယ်ဆိုတာ ကျွန်တော့်အနေနဲ့ Projector နဲ့ ကျွန်တော်တင်ပြချင်ပါတယ်။ ကျွန်တော် တင်ပြမှာကတော့ ဖားကန့်မှာရှိတဲ့ ဟောင်ပါး၊ ကချင်ပြည်နယ်၊ ဟောင်ပါးကျေးရွာနဲ့ ဆည်ဇင်းရွာအကြား ဥတုချောင်း ထဲမှာ ဒါကျွန်တော် Google ကနေထုတ်ထားတဲ့ပုံဖြစ်ပါတယ်။ ဒီဥတုချောင်းအတွင်းမှာ တရားမဝင် ရွှေတူးနေတဲ့ အကွက်ကြီးတွေ ဖြစ်ပါတယ်။ ဒါအခု ကျွန်တော် ဝိုင်းပြထားတာက တရားမဝင် ရွှေတူး နေတဲ့ အကွက်တွေ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ Excavater လို့ခေါ်တဲ့ Backhoe ကြီးတွေ

အစီး(၇၀၀)ကျော်ရှိပြီးတော့ တစ်စီးကို (၃)သိန်းနှုန်းနဲ့ ငွေကောက်ခံပြီးတော့မှ ဆည်ဇင်းရွာက အထောက်အကူပြုအဖွဲ့ကနေ ဒါသုံးစွဲတယ်လို့ သိရပါတယ်။

အဲဒီတော့ ဆည်ဇင်းရွာက အထောက်အကူပြုအဖွဲ့တွေက ဖွဲ့လိုက်တာမကြာသေးဘူး။ လောလောဆယ်တော့ သူတို့၊ အရင်တုန်းကတော့ အထောက်အကူပြုအဖွဲ့တွေမပေါ်ခင်ကတော့ သူတို့ ဘယ်သူ့မှ မပေးရဘူး။ KIO ပဲပေးရတယ်လို့ ပြောပါတယ်။ အခုတော့ အထောက်အကူပြုအဖွဲ့ တစ်ဖွဲ့ တိုးလာတာပေါ့။ သူတို့ပေးရတာ။ ဒါပေမဲ့ အဲဒီလို ပေးလိုက်တာနဲ့ သူက ပါမစ် ရသလို ဖြစ်သွားပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကိုလည်း လုပ်ပိုင်ခွင့် လျှောက်စရာမလိုတော့ဘူး။ ဘယ်သူမှလည်း လာမစစ်ဘူး။ အဲဒီ အနေအထားဖြစ်ပါတယ်။ နောက်တစ်ခု ကျွန်တော် DVDလေး ထိုးပြပါ့မယ်ခင်ဗျ။ ကျွန်တော်တို့ အဲဒီချောင်းထဲမှာ၊ ဥတုချောင်းထဲမှာ ရွှေတူးဖော်တဲ့ စက်ဖောင်ကြီး တွေ (၈)စီးရှိပါတယ်။ အဲဒီဖောင်ကြီးတွေဟာ ဘယ်သူ့ကိုမှ တရားဝင်ပါမစ် လျှောက်ထားခြင်း မရှိဘဲနဲ့ ဒီဖောင်ကြီးတွေနဲ့ တူးနေတာဖြစ်ပါတယ်။ သူတို့ကို မေးကြည့်တဲ့အခါမှာ (၆)လပိုင်း (၃)ရက်နေ့က ရရှိတဲ့ ပုံတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီစက်လှေနဲ့ ဥတုချောင်းထဲကို သွားလိုက်တဲ့အခါမှာ ဖောင်ကြီး(၈)စီးဟာ တကယ့်သောင်တူးစက်ကြီးတွေ ဖြစ်ပါတယ်။ ဒီသောင်တူးစက်ကြီးတွေဟာ ဒါတစ်ဖက် အဖွဲ့အစည်းတွေကို ပိုက်ဆံပေးပြီးတော့ လုပ်နေတယ်လို့ ကျွန်တော့်အနေနဲ့ စုံစမ်းသိရှိရ ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ နိုင်ငံတော်လည်း အကျိုးမရှိ၊ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီး၊ ဒီအနေအထားကို တွေ့ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုခိုးတူးနေတဲ့ ပြဿနာရဲ့ အဓိကအကြောင်းအရင်းက ဒါ လက်လုပ်လက်စားဥပဒေကို ၂၀၀၄ ခုနှစ်မှာ ဖျက်သိမ်းလိုက်တာဟာ အကြောင်းရင်းတစ်ရပ် အနေနဲ့ ပါမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဒီဥပဒေကို ဖျက်သိမ်းလိုက်တဲ့ အတွက်ကြောင့် လက်လုပ်လက်စားတွေ မရှိတော့ဘူးလား ဆိုတော့ ပိုပြီးများလာပါတယ်။ အဲဒီလို တူးတဲ့သူတွေဟာ နားလည်မှုနဲ့ တူးတဲ့သူတွေဖြစ်သွားပါတယ်။ နားလည်မှုနဲ့ တူးတဲ့အတွက်ကြောင့် ပတ်ဝန်းကျင် ပျက်စီးမှုကို သူတို့က ဂရုမစိုက်နိုင်တော့ဘူး ဖြစ်ပါတယ်။ အမှန်တကယ်တော့ ခေတ်မီနည်းကို သုံးမယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို အထိုက်အလျောက် ကာကွယ်ပေး နိုင်ပါတယ်။ ဒီလုပ်ငန်းတွေဟာ အင်ဂျင်စက်တွေသုံးပြီးတော့ မျှောစင်တွေ တည်ဆောက်တပ်ဆင် ပြီးတော့ လုပ်ကိုင်တာဖြစ်လို့ လာရောက်အခြေတကျ နေထိုင်လုပ်ကိုင်ရတဲ့သဘော ဖြစ်ပါတယ်။

ဘယ်လို လူမျိုးတွေ၊ ဘယ်နိုင်ငံသားတွေပဲဖြစ်ဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ထဲမှာ ရှိတဲ့ မြေအောက်သယံဇာတတွေကို တရားဝင်ခွင့်ပြုချက်မရဘဲနဲ့ တူးမယ်ဆိုရင်တော့ သတ္တုတွင်း ဥပဒေ ၃၀ အရ အရေးယူရမှာ ဖြစ်ပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ မှာ မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ်(၇)နှစ်ဖြစ်စေ၊ ငွေဒဏ် (၅၀၀၀၀)ကျပ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ ပြစ်ဒဏ်ကျခံ စေရမယ်လို့ ပါရှိပါတယ်။ အဲဒီ ကချင်ပြည်နယ်မှာ ဖြစ်နေတဲ့ အတွက် အဲဒီမှာ ကချင်ပြည်နယ်ရဲ့ နယ်ခြားထွက်ပေါက်လမ်းတစ်လမ်းကနေ ဝင်လာတဲ့ တစ်ဖက် နိုင်ငံသားတွေကလည်း ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဥပဒေအရတရားမဝင် ဝင် ရောက်လာတဲ့ နိုင်ငံခြားသားတွေကို ဖမ်းဆီးအရေးယူနိုင်မှာဖြစ်ပါတယ်။ အဲဒီလို လာလုပ်နေတာဟာ

ဒါ တစ်ဖက်နိုင်ငံက နိုင်ငံခြားသားတွေ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ စုံစမ်းသိရှိရပါတယ်။ အဲဒီလို လူဝင်မှုကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၃(၁)နဲ့ တရားမဝင် ဝင်ရောက်လာသူတွေကို စစ်ဆေးပြီးတော့၊ ဖမ်းဆီးပြီးတော့ အရေးယူသွားဖို့လည်း သင့်လျော်ပါတယ်။

ဒီလို တရားမဝင်ဝင်ရောက်မှုအတွက် ဒီလိုလုပ်ကိုင်နေတာတွေကို အုပ်ချုပ်ရေးအာဏာ လက်လှမ်းမမီတဲ့သဘောနဲ့ မျက်ကွယ်ပြုထားရန် မသင့်ဘဲနဲ့ များစွာအလေးထားပြီးတော့ ကိုင်တွယ် ဖြေရှင်းရန် လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ဒါ့အပြင် ရွှေထုတ်လုပ်တဲ့ လုပ်ငန်း ဟာ ပြည်ထောင်စုအစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် ခွင့်ပြုချက်ရယူခြင်းမရှိဘဲနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ လုပ်ငန်းမျိုးဖြစ်တဲ့အတွက်ကြောင့် ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၁ အရလည်း အရေးယူနိုင်တာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သတ္တုတူးဖော်ရေးနည်းပညာဟာ အလွန်ခေတ်နောက်ကျလျက် ရှိပါတယ်။ ဒီကနေ့အထိ သာမန်အင်ဝိုင်းနဲ့ လှည့်ပြီး ရွှေရှာနေသူများလည်းရှိပါတယ်။ မုန်စုပ်စက်တွေ အင်းပြဲ တူးဖော်ကြသည့်တိုင်အောင် ဆိုဒ်ရာနိုက်ကို အဆင့်မြင့်ဆုံး အသုံးပြုပြီးတော့ ရွှေထုတ်လုပ်ဆဲ ဖြစ်ပါတယ်။ ရွှေပါတဲ့မြေများမှာလည်း ရွှေပါတဲ့ ကျောက်တုံးများမှာ လည်းကောင်း၊ လက်ရှိ နည်းတွေနဲ့ ရွှေထုတ်လုပ်ခြင်းဟာ (၆၅)ရာခိုင်နှုန်းလောက်သာ ရွှေထုတ်နိုင်ပြီးတော့ (၃၅)ရာခိုင်နှုန်းဟာ In change အဖြစ်နဲ့ စွန့်ပစ်ရာမှာ ပါဝင်သွားတဲ့အတွက် ရွှေလုပ်ငန်းလုပ်သူရော နိုင်ငံတော်ပါ နစ်နာဆုံးရှုံးလျက်ရှိပါတယ်။ ဒါ့အပြင် တရားမဝင်၊ တရားဝင်မဟုတ်သော ရွှေတူးဖော်သူများက မြန်မြန်တူး၊ မြန်မြန်သန့်စင်၊ မြန်မြန်စွန့်ပစ် လိုက်တဲ့အတွက်ကြောင့် ပါသွားပြီးတော့ အဲဒီမှာ ရွှေ ရာခိုင်နှုန်းအချို့ ပါသွားပြီးတော့ လေလွင့်ဆုံးရှုံးလျက်ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ရွှေ ပါဝင်မှု ကိုလည်း ဓာတ်ခွဲစမ်းသပ်မှုဖြင့် စနစ်တကျ ဓာတ်ခွဲစမ်းသပ်နိုင်မှု နည်းအားနည်းပြီးတော့ ခန့်မှန်း ပြီးတော့ အင်ဝိုင်းနဲ့ လှည့်ပြီးတော့ ရွှေ ဘယ်လောက် ပါဝင်တယ်ဆိုတာ မှန်းဆပြီးတော့ တူးနေကြ တာကို တွေ့နေရပါတယ်။ ရွှေရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့တူးပြီး သဘာဝပတ်ဝန်းကျင်ကို ပြန်လည် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန် တစ်စုံတစ်ရာ မယူပဲနဲ့ ကိုယ့်ကျိုးရှာခြင်း သက်သက်ကြောင့် ဒေသမှာ Environmental at Impact ဟာ တော်တော်လေးထိခိုက်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ခိုးတူးသူများအနေဖြင့် လိုင်စင်မယူဘဲနဲ့ လိုင်စင်စည်းကမ်းကို လိုက်နာရန် မလို သောကြောင့် သဘာဝ ပတ်ဝန်းကျင်ကို လုံးဝထည့်သွင်း မစဉ်းစားကြပါဘူး။

ဒါကြောင့် လယ်ယာမြေတွေပေါ်မှာ ရွှေလုပ်ငန်းက ထွက်လာတဲ့ သဲတွေ၊ နုန်းတွေ ပို့ချ သွားတာ ဖြစ်ပါတယ်။ ဒီခေါင်းတုံးချောင်းရဲ့ ဝဲ/ယာ လယ်သမားများဟာ မိမိတို့လယ်မှာ ရွှံ့တွေ၊ နွံတွေ၊ နုန်းတွေ ဝင်လာတာကို တာဝန်ရှိသူတွေကို တိုင်ကြားပါက တာဝန်ရှိသူတွေက အရေးယူ ဆောင်ရွက်ပေးရန်သာဖြစ်ပါတယ်။လက်ပိုက်ကြည့်နေတဲ့သဘောတော့ မဖြစ်သင့်ဘူးလို့ ကျွန်တော့် အနေနဲ့ ထင်မြင်ယူဆပါတယ်။ အခုကိစ္စမှာ နိုင်ငံတော်လည်း ဆုံးရှုံးတယ်၊ ဒေသခံပြည်သူလည်း လယ်ယာမြေတွေ အခက်အခဲ ဖြစ်တယ်။ ခေါင်းတုံးချောင်းဟာလည်း အင်းတော်ကြီးထဲကို စီးဝင် သဖြင့် ရွှေလုပ်ငန်းကလုပ်တဲ့ ချောင်းက နုန်းတွေ အင်းတော်ကြီးရေပြင်ကို ရောက်ရှိပို့ချကာ သောင်ထွန်းမှုများ ဖြစ်ပေါ်လာပြီးတော့ ရေပြင်ဧရိယာ လျော့နည်းလာတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အရေးကြီးကိစ္စတစ်ရပ်အဖြစ် လေးလေးနက်နက် ထားပြီးတော့ ဆောင်ရွက်ဖို့ လိုတဲ့အကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။ တစ်ဖက်မှာလည်း ဖြည့်စွက်ဆွေးနွေး ချင်တာက တရားမဝင် လုပ်ကိုင်နေသူတွေဟာ မိမိတို့ တိုင်းရင်းသားတွေ ဖြစ်တယ်ဆိုလို့ရှိရင်တော့ တရားမဝင် ရွှေထုတ်လုပ်နေတဲ့သူတွေကို ဥပဒေနဲ့အညီ လုပ်ငန်းလုပ်ခွင့် ခွင့်ပြုမိန့်တွေ လျှောက်ထား ရယူပြီး တာဝန်လိုင်စင်ပေးပြီး လုပ်ကိုင်သွားမယ်ဆိုရင် လိုင်စင်ခွင့်ပြုမိန့် စည်းကမ်းကို လိုက်နာ ပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်း ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် အဲဒီလို ဆောင်ရွက်နိုင်အောင် ဒေသအာဏာပိုင်တွေက လမ်းညွှန်ပေးသင့်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ရွှေသတ္တုသယံဇာတ ထွက်ရှိကြောင်းတွေ့ရှိ၍ ရွှေထုတ်လုပ်မှုကို တရားဝင်လုပ်ကိုင်ခွင့် ရခြင်းအားဖြင့် နိုင်ငံတော်လည်း အကျိုးရှိမယ်။ တိုင်းရင်းသားလုပ်ငန်းရှင် တွေလည်း အကျိုးရှိမယ်။ ဒေသဖွံ့ဖြိုးရေးကိုလည်း တစ်တပ်တစ်အား ပံ့ပိုးနိုင်မှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်ဟာ ရွှေသတ္တုသိုက်တွေ များစွာရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ချောင်းတိုင်း၊ မြစ်တိုင်းမှာ ရွှေသတ္တုရေဆောင်သိုက်များရှိပြီးတော့ ရှေးပဝေသဏီကတည်းက လယ်ယာလုပ်ငန်း၊ တောင်ယာ လုပ်ငန်း ပြီးသွားရင် အပိုဝင်ငွေရဖို့ ရွှေထွက်တဲ့ချောင်းတွေဆီကို စားရေရိက္ခာတွေ စုဆောင်းပြီးတော့ ရွက်ပိုးပြီးတော့ ကိုယ့်မိသားစုနဲ့ကို ရိုးရာနည်းနဲ့ ရွှေကျင်ကြတာဖြစ်ပါတယ်။ အခုလို အင်ဂျင်စက်တွေ သုံးပြီးတော့ မုန်စုပ်စက်တွေ သုံးပြီးတော့ လုပ်ကိုင်တာကတော့ ၁၉၉၀ ခုနှစ်လောက်က စတင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ် ရောက်တဲ့အခါကျတော့ ခေတ်မီစက်ယန္တရားတွေ၊ မြေကော်စက်တွေ၊ လွန်ဖောက်စက်တွေနဲ့ ရွှေကို အကြီးစားတူးလာတာ ဖြစ်ပါတယ်။ ခေတ်နဲ့အညီ ပြည်တွင်းက သယံဇာတတွေကို စနစ်တကျ၊ နည်းလမ်းတကျ နိုင်ငံတော် နဲ့ နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားမယ်ဆိုလို့ရင်တော့ ဒီဒေသက ထွက်တဲ့ရွှေကို ဥပဒေဘောင်အတွင်းက လုပ်ဆောင်ဖို့ တိုက်တွန်းရမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ရပ် အားကောင်းအောင်မြင်လာအောင်၊ အောင်မြင်လာလို့ရှိရင် အဲဒီ ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရင် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ရွှေ မထွက်ခင်က ရွှေထုတ်လုပ်နိုင်ကြောင်း နားမလည်ခင်က စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတွေဟာ ကိုယ့်ဒေသမှာ ရွှေထွက်လို့ ရွှေတူးဖော်လုပ်ကိုင်နိုင်ကြပြီဆိုရင် ဝင်ငွေတိုးတက်လာမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြ လိုတာကတော့ တရားမဝင် ဖြစ်နေတာကို တရားဝင်လမ်းကြောင်းအပေါ် တင်ပေးရမယ်။ ခေတ်မီ နည်းကိုသုံးရင် သဘာဝပတ်ဝန်းကျင် အပျက်နည်းမယ်။ ဒါကြောင့် ဥပဒေပြဋ္ဌာန်းပြီးတော့ ကြပ်မတ်ဆောင်ရွက်ရေးသာ အဓိကဖြစ်ကြောင်း တင်ပြရင်းနဲ့ ဦးဖေသောင်း ရဲ့ အဆိုကို ထောက်ခံ တင်ပြ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဒေါက်တာမြင့်အောင် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်အနေနဲ့ လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ၏ တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်ယာမြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်များကို တစ်ပေါင်းတည်း ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ အောက်ပါအတိုင်း ဖြေကြားတင်ပြအပ်ပါတယ်။ တရားမဝင် ရွှေတူးဖော်မှုများကြောင့် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်အတွင်းရှိ အင်းတော်ကြီးကန် အတွင်း စွန့်ပစ်မြေစာနှင့် သဲနုန်းများ စီးဝင်၍ အင်တော်ကြီးကန် ပျက်စီးမှု မဖြစ်ပေါ်စေရန် တားဆီးရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကချင်ပြည်နယ် သတ္တုတွင်းစီမံကိန်းရုံး တာဝန်ခံ ဦးအောင်မြင့်၊ လက်ထောက်အထွေထွေမန်နေဂျာ ခေါင်းဆောင်သော အဖွဲ့ဝင်(၄)ဦးဖြင့် ၂၉-၄-၂၀၁၃ ရက်နေ့တွင် အဆိုပါဒေသသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဟာ မိုးညှင်းခရိုင်နှင့် မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံ၊ မြို့နယ်သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံနှင့် မိုင်းနောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပူးပေါင်း၍ အင်တော်ကြီးကန်အတွင်း စီးဝင်သည့် ခေါင်းတုံးချောင်းတစ်လျှောက် မိုင်းနောင်ကျေးရွာအထက်ဘက်သို့ စစ်ဆေးခဲ့ရာ တရားမဝင် ရွှေတူးဖော်နေသည့် စက်ဆိုင်း(၄)ဆိုင်းနှင့် တရားမဝင် လုပ်ကိုင်နေသူများနှင့် အသုံးပြုစက်များအား ဖမ်းဆီးအရေးယူရန် ကြိုးပမ်းသော်လည်း နယ်မြေအေးချမ်းမှု မရှိသော ဒေသဖြစ်၍ လုံခြုံရေးအရ၊ အခြေအနေအရ အရေးယူနိုင်ခြင်း မရှိခဲ့ပါ။

စစ်ဆေးရေးအဖွဲ့သည် ခေါင်းတုံးချောင်းမှ အင်းတော်ကြီးကန်အတွင်း ရေနောက်နှင့် သဲနုန်းများ စီးဝင်မှုကြောင့် သောင်ပြင်ဖြစ်ပေါ်နေသော ဧရိယာအား စနစ်တကျတိုင်းတာ တွက်ချက်ခဲ့ရာ (၅၀)ဧကခန့်ရှိပြီး ချောင်းကမ်းဘေးတစ်လျှောက် လယ်ယာမြေပျက်စီးမှု အခြေအနေကို လုံခြုံရေး အခြေအနေအရ မိုင်းနောင်ကျေးရွာမှ အထက်(၁.၃)မိုင်ခန့်အထိသာ သွားရောက်နိုင်ပြီး ဆက်လက်၍ ချောင်းအထက်ဘက်သို့ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။ အင်းတော်ကြီးကန် အကျယ်အဝန်းမှာ ခန့်မှန်း(၂၈၅၀၀)ဧကခန့်ရှိပြီး သဲနုန်းများ ဝင်ရောက်မှုကြောင့် ပျက်စီးသည့် ဧရိယာမှာ ကန်ဧရိယာ၏ (၀.၁၇၅၄)ရာခိုင်နှုန်းခန့် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

မိုးညှင်းမြို့နယ်အတွင်း ကုမ္ပဏီများမှ အသေးစား ရွှေဖက်စပ်လုပ်ကွက်များ လုပ်ကိုင်ခွင့်လျှောက်ထားရာတွင် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် လုပ်ကိုင်ခွင့်ပြုသည့်၊ စိစစ်သည့် စည်းကမ်းချက်များအပြင် အင်းတော်ကြီးကန် ပတ်ဝန်းကျင် ရေဝေရေလဲ

ဧရိယာနှင့် လွတ်ကင်းမှု ရှိ/မရှိ၊ လျှောက်ထားသည့် လုပ်ကွက်နှင့် အင်းတော်ကြီးကန် အကွာအဝေး တို့ကို စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ရယူကာ ခွင့်ပြုချက်များ ပေးခဲ့ပါတယ်။ ခွင့်ပြုပေးထားသည့် လုပ်ကွက်များသည် အင်တော်ကြီးကန်အတွင်းသို့ စီးဝင်သော ခေါင်းတုံးချောင်း ဝဲ/ယာတစ်လျှောက် တရားဝင် ခွင့်ပြုမိန့် ထုတ်ပေးထားခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ ဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထိ မိုးညှင်းမြို့နယ်အတွင်း ခွင့်ပြု ထားသည့် ရွှေလုပ်ကွက်(၁၄)ကွက် အနက်(၅)ကွက်မှာ အင်းတော်ကြီးကန်နှင့် (၉)မိုင်ခန့်လည်းကောင်း၊ (၆)ကွက်မှာ (၂၈)မိုင်ခန့်လည်းကောင်း၊ (၂)ကွက်မှာ (၂၂)မိုင်ခန့်လည်းကောင်း၊ ကျန်(၁)ကွက်မှာ (၂၉)မိုင်ခန့်လည်းကောင်း ကွာဝေးပါတယ်။ အဆိုပါ လုပ်ကွက်(၁၄)ကွက်တွင် (၁၂)ကွက်မှာ ပြန်လည် အပ်နှံပြီး ဖြစ်ပါတယ်။ ကျန်ရှိသော (၂)ကွက်အနက် ရွှေလင်းမာကုမ္ပဏီ၏ လုပ်ကွက်မှာ (၂၂)မိုင်ခန့် ကွာဝေးပြီး ၂၃-၁၂-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ ရွှေမိုးသွန်းအောင်ကုမ္ပဏီ၏ လုပ်ကွက်မှာ (၂၉)မိုင်ခန့်ကွာဝေးပြီး ၂၄-၁၁-၂၀၁၄ ရက်နေ့တွင်လည်းကောင်း သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းတို့သည် ၂၀၁၁ ခုနှစ်၊ ဇွန်လမှစ၍ နယ်မြေမအေးချမ်းသဖြင့် လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် ဌာနမှ လုပ်ကွက်အသစ်များ ထပ်မံချထားပေးမှု မရှိသေးပါ။ သို့ဖြစ်ပါ၍ မိမိဌာနမှ တရားဝင် ရွှေလုပ်ကွက်များ တူးဖော်လုပ်ကိုင်မှုကြောင့် ရွှေလုပ်ကွက်များမှ စွန့်ပစ်သည့် မြေစာနှင့် ရေများ ကြောင့် အင်းတော်ကြီးကန် ထိခိုက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ကိုယ်စား ဖြေကြား အပ်ပါတယ်။ အင်းတော်ကြီးဒေသ၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၈-၉-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၀၄ ဖြင့် သတ်မှတ်ကြေညာခဲ့ကြောင်း၊ မြေဧရိယာ အကျယ်အဝန်းမှာ (၂၀၁၃၈၉)ဧကရှိကြောင်း သိရှိရ ပါတယ်။ အဆိုပါ ဘေးမဲ့တောဧရိယာ သတ်မှတ်ဖွဲ့စည်းရာတွင် ညောင်ပင်၊ လုံးစန့်၊ ချောင်းဝ၊ မိုင်းနောင်ရွာ စသည့် ကျေးရွာအုပ်စု(၄)အုပ်စုမှ လယ်ယာမြေဧရိယာ (၂၅၈၁)ဧကနှင့် အခြားမြေ ဧရိယာ(၉၆၀)ဧက၊ စုစုပေါင်းဧရိယာ(၃၅၄၁)ဧက ပါဝင်ခဲ့ကြောင်း သိရှိရပါတယ်။ အင်းတော်ကြီး ကန်အတွင်းသို့ နမ့်စန်ဒချောင်း၊ အောက်ဝက်ချောင်း၊ နမ့်ပတဲချောင်း၊ နမ့်မလိုင်ချောင်း၊ ဝေဖားဆည် ချောင်း၊ နန့်ရင်းခချောင်း၊ ခေါင်းတုံးချောင်း၊ နန့်ကင်ချောင်း၊ နမ်းပန်ကိုင်ချောင်း၊ လယ်ပုံချောင်း၊ နန့်နန်းဖန်ချောင်း၊ ဟဲပုချောင်း၊ မနောချောင်း၊ ရှောက်သီးချောင်း၊ မကြိုချောင်းနှင့် အင်းတော်ချောင်း တို့ စီးဝင်လျက်ရှိကြောင်း သိရှိရပါတယ်။

အင်းတော်ကြီးကန်အတွင်းသို့ စီးဝင်လာသော ချောင်းများသည် တရားမဝင်ရွှေတူးဖော်မှု ကြောင့် ၁၉၉၇-၁၉၉၈ ခုနှစ်မှ စတင်၍ လယ်မြေများ ပျက်စီးခဲ့ကြောင်း၊ နယ်မြေဒေသ လုံခြုံရေး အခြေအနေအရ သက်ဆိုင်ရာ ဌာနများမှ ကွင်းဆင်းဆောင်ရွက်နိုင်မှု မရှိသည့် အခြေအနေ အပေါ် ၂၀၁၁ ခုနှစ်မှစ၍ မိုင်းနောင်ရွာနှင့် မိုင်းနောင်ကျေးရွာတို့တွင် အခြားဒေသများမှ လာရောက် အခြေချနေထိုင်သူများ၏ တရားမဝင် ရွှေတူးဖော်မှုများကြောင့် ဒေသခံများမှလည်း မိုးစပါးနှင့် မိုးသီးနှံ ရိတ်သိမ်းပြီးစီးချိန်တွင် တစ်ပိုင်တနိုင် ရွှေတူးဖော်ခြင်းကြောင့်လည်းကောင်း၊ လယ်မြေ ပျက်စီးမှုများ ပိုမိုဖြစ်ထွန်းခဲ့ကြောင်း၊ အဆိုပါ မြေများသည် အင်းတော်ကြီး သစ်တောကြိုးဝိုင်း အတွင်း ကျရောက်ပါကြောင်း၊ ရွှေအများဆုံး တူးဖော်လျက်ရှိသည့် နေရာသည် မိုင်းနောင်ကျေးရွာ အနောက်

ဘက် ကျောက်ဆင်ရုပ်ကွေ့နှင့် ခေါင်းတုံးချောင်းဖျားဒေသဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီ စိုက်ပျိုးရာသီ စိစစ်တွေ့ရှိရမှု အခြေအနေအရ မမုံကိုင်ကျေးရွာအုပ်စု၊ ကွင်းပေါင်း(၃)ကွင်း တွင် လယ်မြေဧရိယာ(၁၈၄)ဧကခန့် ပျက်စီးကြောင်း သိရှိရပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာန ကိုယ်စား အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။ အင်းတော်ကြီးကန် မတိမ်ကောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ၊ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက် နေမှု အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ခေါင်းတုံးချောင်းတစ်လျှောက် ဒေသခံများမှ ရွှေကျင်ခဲ့ကြသည်မှာ ဘေးမဲ့တော ဖွဲ့စည်းခြင်းမတိုင်မီ ရှေးယခင်ကတည်းက ရှိခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော် လူဦးရေ နည်းပါးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခြင်းကြောင့် လက်ကျင်စနစ်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ သဘာဝ ထိခိုက်ပျက်စီးမှု မသိသာခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိကာလတွင် လူဦးရေတိုးပွားလာခြင်း၊ လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် လူအင်အားသာမက စက်အင်အားပါ တိုးတက်လာသည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ပိုမို သိသိသာသာရှိလျက်ရှိပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး၏ အဆိုတွင် ပါရှိသည့်အတိုင်း လွှတ်တော် ကိုယ်စားလှယ်ကြီးများအဖွဲ့သည် ၁၉-၃-၂၀၁၃ ရက်နေ့တွင် ခေါင်းတုံးချောင်းတစ်လျှောက် ကွင်းဆင်း စစ်ဆေးခဲ့ပြီးနောက် ၉-၄-၂၀၁၃ ရက်နေ့နှင့် ၂၉-၄-၂၀၁၃ ရက်နေ့များတွင် မိုးညှင်းခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူများ အင်းတော်ကြီး တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးများအဖွဲ့သည် ခေါင်းတုံးချောင်းအတွင်း နုန်းမြေပို့ချမှု အခြေအနေ၊ တရားမဝင်ရွှေတူးဖော်မှု အခြေအနေ၊ ခေါင်းတုံးချောင်းမှ အင်းတော်ကြီးကန်အတွင်းသို့ နုန်းမြေပို့ချမှု အခြေအနေနှင့် နုန်းမြေပို့ချမှုများကြောင့် ခေါင်းတုံးချောင်း တည်နေရာပြောင်းလဲမှု အား ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး၊ မိုင်းနောင်ကျေးရွာ၊ မမုံကိုင်ကျေးရွာများမှ ဒေသခံပြည်သူများနဲ့ တွေ့ဆုံ၍ တရားမဝင် ရွှေတူးဖော်မှု မပြုလုပ်ရန်နှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ အသိပေး ဟောပြောခြင်း၊ တရားမဝင် ရွှေတူးဖော်သူ(၂၂)ဦးအား ဝန်ခံကတိပြု လက်မှတ်ရေးထိုး အရေးယူ ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဇီဝမျိုးစုံ၊ ကွဲပြားမှုများ ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆိုပါ လုပ်ငန်းများကို ပိုမို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်း Biodiversity and Nature Conservation Association, ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်း ဗြိတိန်နိုင်ငံ အခြေစိုက် Flora and Fauna International - FFI တို့နှင့် ပူးပေါင်း၍ အောက်ပါအတိုင်း ပိုမို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (၁) အင်းတော်ကြီး တောရိုင်း တိရစ္ဆာန် ဘေးမဲ့တော ကာကွယ်ရေးတို့အား Ramsar Site အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ခြင်း။

(၂) ကင်းလှည့်ထိန်းသိမ်းရေး သင်တန်းပေးခြင်း၊ ဒေသခံများနှင့် ပူးပေါင်း၍ (၁)လတွင် (၇)ရက်မှ (၁၀)ရက်အထိ ကင်းလှည့်ထိန်းသိမ်း ဆောင်ရွက်ခြင်း။ (၃) ဘေးမဲ့တောဝန်းကျင်ရှိ ကျေးရွာများတွင် ထင်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် အင်သာနှင့် ဆန္ဒင်းကုန်းကျေးရွာတို့တွင် အသိပညာပေးပံ့ပိုးမှုများ ဆောင်ရွက်ခြင်း။ (၄) အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဝန်းကျင်ရှိ ကျေးရွာများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း။ (၅) အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်းကျင်ရှိ ကျေးရွာ(၅)ရွာ မနခေါ၊ လုံးစန့်၊ ရွာသစ်၊ လယ်ပုံလေးနှင့် ရွှေလက်ပန် တို့တွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ သင်တန်းပြုလုပ်ခြင်းနှင့် ရန်ပုံငွေ ကူညီပံ့ပိုးပေးခြင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် အင်းတော်ကြီးကန်ကို စနစ်တကျ ကာကွယ်ထိန်းသိမ်းရန်အတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ အသိပညာပေး စည်းရုံးခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ဆောင်ရွက်စေခြင်းတို့ကို ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ စဉ်ဆက်မပြတ် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကချင်ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စားအောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဒေသသည် မြန်မာနိုင်ငံ၌ ထင်ရှားပြီး လူသိများသော ဒေသတစ်ခုဖြစ်သည့်အပြင် ဒေသခံပြည်သူများ၊ နိုင်ငံခြားခရီးသွား ဧည့်သည်များနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်၍ ဘုရားဖူးခြင်း၊ ဒေသန္တရ ဗဟုသုတများ လာရောက်လေ့လာလျက်ရှိသော ဒေသလည်း ဖြစ်ပါတယ်။ အင်းတော်ကြီးဒေသတွင် တရားမဝင် ရွှေတူးဖော်မှုများ၊ ကျွဲ၊ နွား မှောင်ခို လုပ်ကိုင်ဆောင်ရွက်မှုများအား ဖမ်းဆီး အရေးယူနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ထိုသို့ ဖွဲ့စည်း တာဝန်ပေးအပ်ရာတွင် ပြည်နယ်အဆင့်အနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စေပြီး အဖွဲ့ဝင်(၁၁)ဦးဖြင့် လည်းကောင်း၊ ခရိုင်အဆင့်အနေဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေပြီး အဖွဲ့ဝင်(၁၀)ဦး ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်အနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စေပြီး အဖွဲ့ဝင်(၁၀)ဦးဖြင့်လည်းကောင်း၊ အဆင့်ဆင့်ကြီးကြပ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်စေခဲ့ပါတယ်။

အဆိုပါတာဝန်ပေးအပ်မှုများအပေါ် မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော အဖွဲ့သည် ၂၀၁၃ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာ၊ ခေါင်းတုံးချောင်းတွင် တရားမဝင်ရွှေသတ္တုတူးဖော်မှု မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ရာ အဆိုပါ ခေါင်းတုံးချောင်းတစ်လျှောက်တွင် ရွှေတူးဖော်ခြင်း မရှိသော်လည်း တရားမဝင် ရွှေတူးဖော်မှု လုပ်ကိုင်ဆောင်ရွက်နေသော ရွာသူ/ရွာသား(၄၁)ဦးအား တရားမဝင် ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ ရေများ ခန်းခြောက်ခြင်းနှင့် ရေစီးရေလာ ပြောင်းလဲခြင်း၊ နုန်းများနှင့် စွန့်ပစ်ပစ္စည်းများကြောင့် စိုက်ပျိုးမြေများ ပျက်စီးခြင်း၊ အင်းတော်ကြီးကန်အတွင်း နုန်းများ

စီးဝင်ပြီး အင်းတော်ကြီးကန် တိမ်ကောနိုင်ခြင်း၊ သဘာဝအလှနှင့် ရေနေသတ္တဝါများ ပျက်စီးခြင်း စသည်တို့ ဖြစ်နိုင်ကြောင်း ပညာပေးဟောပြောခဲ့ပြီး နောင်တွင် တရားမဝင် ရွှေတူးဖော်ခြင်း မပြုလုပ်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပါတယ်။

ထို့နောက် မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူးခေါင်းဆောင်သော အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ရာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာ အနောက်ဘက် (၄)ဖာလုံခန့်အကွာ လွှဲရုပ်တောင်ခြေဒေသအခေါ်တွင် တရားမဝင်ရွှေတူးဖော်သော နေရာများသို့ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရားခံ(၃)ဦးနှင့်အတူ ဂျင်ဒေါင်းအမျိုးအစား (၃၀)ကောင် အင်ဂျင်(၁)လုံး၊ ရှန်ရှိုင်းအမျိုးအစား(၂၈)ကောင် အင်ဂျင်တစ်လုံး၊ ဂျင်ဒေါင်းအမျိုးအစား (၂၂)ကောင် အင်ဂျင်(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား တရားမဝင် ရွှေ တူးဖော်နေခြင်းများအား ထပ်မံဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်စေခဲ့ရာ ဇွန်လ(၉)ရက်နေ့တွင် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာ အနောက်ဘက် (၁)မိုင်(၄)ဖာလုံခန့်အကွာ ဆင့်ကွေ့ချောက် ဒေသတွင် တရားမဝင် ရွှေတူးဖော်သူများအား မတွေ့ရဘဲ ယာယီတဲများ ဖျက်သိမ်းထားသည့် မျှောစင်များနှင့် အတူ ဂျင်ဒေါင်းအမျိုးအစား(၃၀)ကောင် အင်ဂျင်(၁)လုံး၊ ရှန်ရှိုင်းအမျိုးအစား(၂၅) ကောင် အင်ဂျင်(၁) လုံး၊ ဝေလင်းအမျိုးအစား(၂၅)ကောင်အင်ဂျင်(၁)လုံး၊ ဂျင်ဒေါင်းအမျိုးအစား(၂၈) ကောင် အင်ဂျင်(၁) လုံးနှင့် ဂျင်ဒေါင်းအမျိုးအစား(၂၅)ကောင် အင်ဂျင်(၃)လုံးတို့ကိုလည်းကောင်း၊ မိုင်းနောင်ကျေးရွာ အနောက်ဘက် (၁)မိုင်၊(၄)ဖာလုံခန့်အကွာ ဖက်ယားချောင်းအတွင်း ယာယီတဲများနှင့်အတူ ပိုင်ရှင်မဲ့ ရှန်ရှိုင်း အမျိုးအစား(၂၅)ကောင် အင်ဂျင်(၃)လုံး၊ ရှန်ရှိုင်း အမျိုးအစား (၂၈)ကောင် အင်ဂျင်(၂)လုံး၊ ဂျင်ဒေါင်းအမျိုးအစား(၂၈)ကောင် အင်ဂျင်(၃)လုံး၊ ဝေလင်းအမျိုးအစား (၂၅)ကောင် အင်ဂျင် (၁)လုံးနှင့် ဂျင်ဒေါင်းအမျိုးအစား (၂၅)ကောင် အင်ဂျင်(၁) လုံးတို့ကိုလည်းကောင်း၊ မိုင်းနောင် ကျေးရွာအနောက်ဘက် (၄)မိုင်အကွာ ဝေပုံဖန်းဒေသတွင် ယာယီတဲများနှင့် အတူ ပိုင်ရှင်မဲ့ ရှန်ရှိုင်း အမျိုးအစား(၂၈)ကောင် အင်ဂျင်(၁)လုံး၊ ဂျင်ဒေါင်းအမျိုးအစား(၂၈)ကောင် အင်ဂျင်(၁)လုံး၊ ဂျင်ဒေါင်းအမျိုးအစား (၂၅)ကောင် အင်ဂျင်(၁)လုံး စုစုပေါင်း တရုတ်နိုင်ငံလုပ် အင်ဂျင်စက် အလုံး (၂၀)နှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပါတယ်။

အင်းတော်ကြီးဒေသတွင် တရားမဝင် ရွှေတူးဖော်ခြင်းများကြောင့် အင်းတော်ကြီးဒေသ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရန် ရည်ရွယ်၍ ၁၄-၆-၂၀၁၃ ရက်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့၏ ရုံးအစည်းအဝေး၌ ပြုလုပ်သည့် ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်၊ ၁၇/၂၀၁၃ တွင် ဆွေးနွေးဆုံးဖြတ်ချက်အရ အင်းတော်ကြီးဒေသတွင် တရားမဝင်ရွှေသတ္တု တူးဖော်မှု ကာကွယ်တားဆီးရေးနှင့် သဘာဝပတ်ဝန်းကျင် အထိအခိုက် ပျက်စီးမှုများ ကာကွယ်တားဆီးရေးဦးစီးကော်မတီကို ကချင်ပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးအား ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်၍ အဖွဲ့ဝင်(၁၃)ဦး ပါဝင်သောအဖွဲ့အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ် -

(၁) တရားမဝင် ရွှေတူးဖော်သူများအား တည်ဆဲမြန်မာ့သတ္တုတွင်းဥပဒေ သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ (၂) အင်းတော်ကြီးကန် သဘာဝပတ်ဝန်းကျင်အားထိခိုက်နိုင်သည့် ဧရိယာ Effective Area အား ဆွေးနွေးညှိနှိုင်းသုံးသပ်၍ မြေပုံကြမ်းဆွဲခြင်း၊ (၃) ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များအား စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ကြီးကြပ် ဆောင်ရွက်စေခြင်း၊ (၄) ကချင်ပြည်နယ် အစိုးရအဖွဲ့မှ အခြားပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။ အဆိုပါ ဦးစီးကော်မတီအဖွဲ့သည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ၂၀ ရက်နေ့အထိ အင်းတော်ကြီးဒေသသို့ သွားရောက်၍ အင်းတော်ကြီးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေအား ထိခိုက်နိုင်သည့်ဧရိယာ(Effective Area)သတ်မှတ်နိုင်ရေး ကွင်းဆင်း စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ အင်းတော်ကြီးဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေ ထိခိုက်နိုင်သည့် ဧရိယာအား ညှိနှိုင်းအတည်ပြု သတ်မှတ်ပြီးပါက ၎င်းဧရိယာအတွင်း တရားဝင် ရွှေတူးဖော်ခွင့်လျှောက်ထားမှုအား ခွင့်ပြုခြင်း၊ ထောက်ခံခြင်းမပြုရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရားမဝင် ရွှေတူးဖော်မှုများအား သတင်းရရှိပါက ထိထိရောက်ရောက် ဖမ်းဆီးအရေးယူရေးတို့အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား ပူးပေါင်းဆောင်ရွက်စေမည် ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရအနေနဲ့ အင်းတော်ကြီးဒေသရှိ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ အင်းတော်ကြီးဒေသရှိ လယ်မြေများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကော်မတီများအား သတ်မှတ်ဖွဲ့စည်းထားရှိပြီး ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း တင်ပြသည့်အတိုင်း တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးရန်အတွက် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေခံမှ ပြည်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာ အင်းတော်ကြီးကန် ပတ်ဝန်းကျင်တွင် တရားမဝင် ရွှေတူးဖော်မှုကြောင့် ကန်သောင်ထွန်းနေမှုနှင့် လယ်မြေများ ပျက်စီးဆုံးရှုံးမှု အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပျက်စီးခြင်းကို ကာကွယ်နိုင်မည်သာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍အထက်တင်ပြပါအတိုင်း ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်ပြီး ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားရန် ရှိပါသဖြင့် ကချင်ပြည်နယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း က တရားမဝင် ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်းဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားဆီးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုအား အမျိုးသားလွှတ်တော်မှ မှတ်တမ်းတင်ထားရှိပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ ဦးဖေသောင်း ရဲ့ သဘောထားရော။

**အချိန်၊ ၁၂:၀၅။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီး၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပြောကြားလိုပါတယ်။ ဝန်ကြီးအနေနဲ့ကတော့ ကျွန်တော်တို့ တင်ပြချက်အပေါ်မှာ အောက်ခြေက တင်ပြတဲ့အတိုင်း တော်တော်များများ ဖြေကြားသွားတာကို ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ အနည်းငယ် တင်ပြခွင့်ပြုပေးဖို့ ဥက္ကဋ္ဌကြီးကို တောင်းပန်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ သဘာဝ ရာသီဥတုကြောင့်၊ နောက်ပြီး လူ့ကြောင့်၊ ရေ၊ မြေ၊ တောတောင်၊ သဘာဝအရင်းအမြစ်တွေ ပျက်စီးနေတာကတော့ အားလုံး အထက်က လွှတ်တော်ကိုယ်စားလှယ်များလည်း တင်ပြသွားပြီး ဖြစ်ပါတယ်။

အဲဒီလို ပျက်စီးနေတဲ့အပေါ်မှာ တောင်သူလယ်သမား အများဆုံး တည်ရှိနေတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဲဒီ ရေ၊ မြေ ပျက်စီးမှုအပေါ်မှာ သဘာဝပျက်စီးတာထက် လူတွေကြောင့် ပျက်စီးသွားရတဲ့ ဒီမြေတွေဟာ အများဆုံး ခံစားရတာက တောင်သူတွေပဲ ခံစားရပါတယ်။ တောင်သူတွေ ခံစားရလို့ တောင်သူတွေအနေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးတကြီးနဲ့ တင်ပြလာတဲ့အခါ ကျွန်တော်တို့ အမှန်တကယ် ဆင်းပြီးတော့မှ ကြည့်ပေးခဲ့ပါတယ်။ ဒါ ကျွန်တော့် အနေနဲ့ အင်းတော်ကြီးကို အကြောင်းပြုပြီးတော့မှ မြန်မာနိုင်ငံမှာ အများဆုံး အဲဒီလို တောင်သူလယ်သမားတွေ ခံစားနေရတဲ့နေရာတွေ အများကြီး ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က တောင်သူလယ်သမားတွေကို ကိုယ်စားပြုပြီးတော့မှ ဒီနေ့ အင်းတော်ကြီး၊ ခုနကတုန်းက ဝန်ကြီးဖြေကြားသွားပါတယ်။ (၁၄၀) ကျော်၊ ဒါက ဝန်ကြီးအနေနဲ့ ကတော့ ဒါဟာ အောက်ကနေတင်ပြတဲ့ အနေအထားနဲ့ တင်ပြထားတယ်ဆိုတာတော့ သိပါတယ်။ ကျွန်တော်တို့ မြေပြင်မှာ တကယ်သွားကြည့်ပြီးတော့မှ တကယ်တောင်သူတွေ တင်ပြလာတဲ့ စာရင်းမှာ ဒီလောက်မကပါဘူး။ သို့သော် ကျွန်တော်တို့က ဒီလိုတောင်သူတွေ (၅၃)ယောက် တင်ပြလာတဲ့ စာရင်းမှာတောင်မှ အမှန်တကယ် တစ်ဝက်ကျော်ကျော်ဟာ လုံးဝလယ်ယာမဲ့ဘဝ ဖြစ်သွားတဲ့ဥစ္စာ တွေကို ကျွန်တော်တို့ ကနေပြီးတော့မှ ဒီတောင်သူတွေအတွက် ဘယ်လိုများ နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးနိုင်မလဲ ဆိုပြီးတော့ လွှတ်တော်ကို ဒါ ကျွန်တော့်အနေနဲ့ အဆို တင်သွင်းခြင်း ဖြစ်ပါတယ်။

အဲဒီတော့ သတ္တုတွင်းအနေနဲ့ တင်ပြခဲ့တဲ့ ဖြေကြားချက်အပေါ်မှာ အနည်းငယ်လေး နည်းနည်းပြောရမယ်ဆိုရင် ကျွန်တော်တို့ ၂၀ ရက်နေ့၊ အခု ဒီလွှတ်တော်တက်ခါနီး သတ္တုတွင်း ပြည်နယ်ဝန်ကြီး လာပါတယ်။ နောက် ဘဏ္ဍာရေးနှင့်အခွန်၊ ကျွန်တော်တို့ မလာခင်တစ်ရက်၊ နှစ်ရက်မှာ အဲဒီမှာ Backhoe (၂)စီးနဲ့ မြေသယ်ကား(၁)စီး ရဲဌာနက ဖမ်းသွားပါတယ် ဆိုပြီးတော့ ရဲစခန်းကုန်းမှာ တင်ထားတာကိုတော့ ကြားသိလိုက်ရပါတယ်။ သို့သော်လည်း ဒီကိစ္စတွေက ကျွန်တော်တို့က သွားလည်းမမေးပါဘူး။ စစ်လည်း သွားမစစ်ဆေးပါဘူး။ ဒါပေမဲ့ ၂၁ ရက်နေ့မှာ ပြည်သူလူထုနဲ့ အဲဒီကျွန်တော်တို့ ပြည်နယ်ဝန်ကြီး၊ သစ်တောဝန်ကြီးနဲ့ ဘဏ္ဍာအခွန်ဝန်ကြီး တို့ဟာ ပြည်နယ်လူထုနဲ့ လုံးတုံမှာ တွေ့ပြီးတော့မှ နံနက်(၉)နာရီဝန်းကျင်မှာ ထွက်လာတဲ့အခါ ကျွန်တော်

ထင်တယ် ဝန်ကြီးတောင်မှ ဟိုပင် မရောက်သေးပါဘူး။ ဒီကားတွေက ဖမ်းထားတဲ့ကားတွေက အကုန်လုံး သူ့နေရာသူ ပြန်ရောက်သွားပါတယ်။ ဒါက ပြည်သူကနေပြီးတော့မှ ကျွန်တော်တို့ တင်ပြတာပါ။ ဆိုလိုချင်တဲ့ အကြောင်းအရင်းက ကျွန်တော်တို့က အောက်ခြေမှာ ဘယ်လိုဖြစ်နေတယ် ဆိုတဲ့ ဥစ္စာကတော့ အောက်ခြေက အမြင်ပဲ သိပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ကျွန်တော် ဒီကိစ္စကို တောင်သူတွေအတွက်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူတွေ ခံစားနေရတဲ့အတွက်ကို အင်းတော်ကြီးရဲ့ ရှိတဲ့ တောင်သူ(၅၀)ကျော်ကို မီးမောင်းထိုးပြပြီးတော့မှ ဒါ လွှတ်တော်ကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတောင်သူတွေအတွက်ကို အမှန်တကယ် ပြန်လည်ပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့ဟာ ကျွန်တော်တို့ လွှတ်တော်က စဉ်းစားပေးဖို့တော့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်တာထက်ကို ဒီလွှတ်တော်ကနေပြီးတော့မှ၊ ဆုံးဖြတ်ချက် ယူပြီးတော့မှ ခံယူဖို့ ကျွန်တော် ဆန္ဒရှိပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း တင်သွင်းတဲ့ တရားမဝင်ရွှေတူးဖော်မှုကြောင့် အင်းတော်ကြီးကန် သောင်ထွန်း ဖြစ်ပေါ်နေမှုနှင့် လယ်မြေများ ပျက်စီးနေမှုအပေါ် ကာကွယ်တားမြစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုပ်ကို အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၈၂)၊ ကန့်ကွက်မဲ မရှိ။ ကြားနေ(၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးဖေသောင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စောစောက ကော်မတီအမည်များနဲ့ ပတ်သက်လို့ အကြံပြုချက်များရှိရင် (တနင်္လာနေ့)မနက်မှာ ကတ်ပြား ထုတ်ယူတဲ့အချိန်မှာ ပေးဖို့ဖြစ်ပါတယ်။ ဒီ ယာယီကော်မတီများက နိုင်ငံတော်အတွင်း ဖြစ်ပေါ် ပြောင်းလဲလာတဲ့ အခြေအနေတွေပေါ်မူတည်ပြီး တိုးချဲ့ဖွဲ့စည်းရန် လိုအပ်မယ့်အနေအထားတွေလည်း ဖြစ်ပေါ်လာနိုင်တဲ့အတွက် အချိန်မရွေးလည်း အကြံပြုနိုင်ကြောင်း အသိပေးအပ်ပါတယ်။ အခု ဒီအစည်းအဝေးအပြီးမှာ ကျွန်တော်တို့ တာဝန်ပေးအပ်ဖို့ ရှိပါတယ်။

ဒါကြောင့် အောက်ပါပုဂ္ဂိုလ်များ အပေါ်ထပ်က အစည်းအဝေးခန်းမှာ အစည်းအဝေး ပြီးပြီးချင်း စုဖို့ ဖြစ်ပါတယ်။ အစည်းအဝေးကလည်း သိပ်ကြာမှာ မဟုတ်ပါဘူး။ အစည်းအဝေးပြီးမှပဲ Ferry တွေ ထွက်မှာ ဖြစ်ပါတယ်။ ဦးဇော်မြင့်ဖေ၊ ဦးဆိုင်ပေါင်းနပ်၊ ဦးဆလိုင်းခွဲယန်၊ ဒေါက်တာအေးမောင်၊

ဦးစောမော်ထွန်း၊ ဦးမျိုးမြင့်၊ ဒေါ်ရီရီမြင့်၊ ပါမောက္ခဒေါက်တာမြဦး၊ ဦးစိုင်းမြမောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာမြတ်ဉာဏစိုး၊ ဒေါက်တာမြင့်ကြည်၊ ဦးအောင်ချိုဦး၊ ဦးနေဝင်းထွန်း၊ ဦးလှဆွေ၊ ဦးခက်ထိန်နန်၊ ဦးအောင်မြင့်သိန်း၊ ဒေါ်နန်းနီနီအေး၊ ဗိုလ်မှူး နိုင်နိုင်ဝင်း၊ ဦးညွန့်တင်၊ ဗိုလ်မှူး နေလင်းအောင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးစိုင်းတင်အောင်၊ ဒေါက်တာခင်ရွှေ၊ ဗိုလ်မှူး မြင့်စိန်၊ ဦးစံထွန်း၊ ဦးမြင့်ထွန်း၊ ဦးအောင်ငြိမ်း၊ ဦးမှတ်ကြီး၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးဇုန်လှယ်ထန်း၊ ဦးမောင်မောင်အေး၊ ဦးဖုန်းမြင့်အောင်၊ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ ဗိုလ်မှူး ဇဝန၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင် တို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပဖို့ လျာထားပါတယ်။ အပြောင်းအလဲရှိလျှင် အချိန်မီ အကြောင်းကြားမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၂း၁၅)နာရီအချိန်တွင် ရပ်နားပါသည်။]